
http://www.dhammadownload.com



သာမကာကျော်

လူ့လက်စွဲ

စွယ်စုံ ● ပျံသာစာပေ



သာမကာကျော်

လူ့လက်စွဲ

http://www.dhammadownload.com

လူလက်ခွဲ

သာမဏေကျော်

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ● ၃၂၀၅၅၄၄၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၅၅၄၄၁၂၀၈

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ● ၃၅၀ ကျပ်

ပုံနှိပ်ခြင်း ● ၂၀၀၉ ခုနှစ်၊ မတ်လ
ပထမအကြိမ်

မျက်နှာဖုံးနှင့် ● ဒေါ်မေသက်ခိုင်(၀၈၂၉၄)
အတွင်းပုံနှိပ် ပြည့်စုံပုံနှိပ်တိုက်
အမှတ်-၂၀၆(မြေညီ)၊
ဗိုလ်တထောင်ဘုရားလမ်း၊

ထုတ်ဝေသူ ● ဦးတင်ကိုဦး
ရွှေရည်မြင့်မြတ်စာပေ
အမှတ်(၅၈၀/ခ)၊အောင်ရတနာလမ်း၊
သဃ်နိုးကျွန်းမြို့နယ်၊ရန်ကုန်မြို့။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်

ဖြန့်ချိရေး

သာမဏောကျော်စာပေ

သာမဏောကျော် မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)
မှော်ဘီမြို့နယ်၊ရန်ကုန်တိုင်း။ ဖုန်း-၀၁၀၉၆၈၀

http://www.dhammadownload.com

သိကြားမင်း ရှိခိုးခံရတဲ့ လူ

၁။ သိကြားမင်းသည်, ဥယျာဉ်ဆီ, သွားမည် ရှုဖို့ ရည်။
၂။ မာတလိအား, မင်းသိကြား, ရထား တပ်ခိုင်းပြီ။
၃။ မြင်းအာဇာနည်များ, ယှဉ်တပ်ထား, ရထား သင့်ဖြစ်ပြီ။
၄။ ဝေဇယန္တ, ပြာသာဒ်မှ, သူက ဆင်းလေပြီ။
၅။ လက်အုပ်ချီကာ, ရှစ်မျက်နှာ, သူဟာ ရှိခိုးသည်။
၆။ အို . . . မင်းသိကြား, အသင်အား,
ငါကား မေးပါသည်။
၇။ တန်ခိုးကြီးမား, လူနတ်များ, သင့်အား ရှိခိုးသည်။
၈။ သင် ယိုကြားကား, ဘယ်သူ့အား,
လေးစား ရှိခိုးပါသနည်း။
၉။ မာတလိကား, သိကြားအား, မေးသွားပါလေပြီ။
၁၀။ သိကြားမင်းက, ဤသို့ပ, ဖြေပြသွားလေသည်။
၁၁။ ကောင်းမှုပြုငြား, လူတွေအား, ငါကား ရှိခိုးသည်။

http://www.dhammadownload.com

၁၂။ ရတနာသုံးပါး, ဆည်းကပ်ငြား, သူ့အား ရှိခိုးသည်။
၁၃။ သီလရှိငြား, လူတွေအား, ငါကား ရှိခိုးသည်။
၁၄။ သမီးနဲ့သား, မယားအား, တရားနဲ့ညီ မွေးမြူသည်။
၁၅။ ထိုသည့်လူအား, ငါ သိကြား, လေးစား ရှိခိုးသည်။
၁၆။ မာတလိကား, သိကြားအား, ပြောကြားပြန်ပါပြီ။
၁၇။ အသင် သိကြား, ရှိခိုးငြား, လူကား မြင့်မြတ်သည်။
၁၈။ သိကြား ရှိခိုးရာ, ထိုလူမှာ, ငါပါ ရှိခိုးသည်။

(သံယုတ်၊ ပ၊ ၂၃၅)

❐

သရဏကုံ သီလတောင်း

သရဏာဂုံသုံးပါး, သီလမျှား,
ဘုရားတပည့်တော် တောင်းပါသည်။
ငဲ့ညှာသနား, တပည့်အား,
ပေးသနားတော်မူပါ ဘုရား။

❐

http://www.dhammadownload.com

ဘုရားရှိခိုး

ပူဇော်ထိုက်ငြား, ဘုရားအား, ဝပ်တွား ရှိခိုးပါ၏။
အကုန်သိငြား, ဘုရားအား, ဝပ်တွား ရှိခိုးပါ၏။
ဘုန်းကံကြီးမား, ဘုရားအား, ဝပ်တွား ရှိခိုးပါ၏။
(သုတ်မဟာဝါ၊ ၂၃၀-စသည့်)

❐

သရဏဂုံ(၃)ပါး

မြတ်ဘုရားကို, ငါ ကြည်ညို, မှီခိုဆည်းကပ်ပါ၏။
မြတ်တရားကို, ငါ ကြည်ညို, မှီခိုဆည်းကပ်ပါ၏။
မြတ်သံဃာကို, ငါ ကြည်ညို, မှီခိုဆည်းကပ်ပါ၏။
(ခုဒ္ဒကပါဋ၊ ၁)

❐

http://www.dhammadownload.com

ငါးပါးသီလ

၁။ သက်ရှိသတ္တဝါ, သတ်ဖြတ်တာ, ငါဟာ ရှောင်ပါမည်။
၂။ သူများဥစ္စာ, ခိုးယူတာ, ငါဟာ ရှောင်ပါမည်။
၃။ သူ့ သားမယားမှာ, လွန်ကျူးတာ, ငါဟာ ရှောင်ပါမည်။
၄။ လိမ်ညာ၍ သာ, ပြောဆိုတာ, ငါဟာ ရှောင်ပါမည်။
၅။ အရက်သေစာ, သောက်စားတာ, ငါဟာ ရှောင်ပါမည်။

(အံ၊ ဒု၊ ၁၇၉)

❐

ငရဲနဲ့ နတ်ပြည်

ငါးပါးသီလ မလုံက, ရောက်ရ ငရဲပြည်။
ငါးပါးသီလ လုံခြုံက, ရောက်ရ လူနတ်ပြည်။

(အံ၊ ဒု၊ ၁၇၉)

❐

http://www.dhammadownload.com

လူပီသသူ

၁။ သက်ရှိသတ္တဝါ, သတ်ရမှာ, သင်ဟာ ရှက်ရသည်။
၂။ သက်ရှိသတ္တဝါ, သတ်ရမှာ, သင်ဟာ ကြောက်ရသည်။
၃။ သူများဥစ္စာ, ခိုးရမှာ, သင်ဟာ ရှက်ရသည်။
၄။ သူများဥစ္စာ, ခိုးရမှာ, သင်ဟာ ကြောက်ရသည်။
၅။ သူသားမယားမှာ, ကျူးလွန်ရမှာ, သင်ဟာ ရှက်ရသည်။
၆။ သူသားမယားမှာ, ကျူးလွန်ရမှာ,
သင်ဟာ ကြောက်ရသည်။
၇။ လိမ်ညာ၍သာ, ပြောရမှာ, သင်ဟာ ရှက်ရသည်။
၈။ လိမ်ညာ၍သာ, ပြောရမှာ, သင်ဟာ ကြောက်ရသည်။
၉။ အရက်သေစာ, သောက်ရမှာ, သင်ဟာ ရှက်ရသည်။
၁၀။ အရက်သေစာ, သောက်ရမှာ, သင်ဟာ ကြောက်ရသည်။
၁၁။ ရှက်ကြောက် ကင်းပြန်, လူ မဆန်,
တိရစ္ဆာန်လို ပြုမူသည်။
၁၂။ ရှက်ကြောက်နှစ်ရပ်, လောကဇာတ်,
စောင့်ကြပ်နေပါသည်။
၁၃။ ရှက်ကြောက် ရှိမှ, လူပီသ, ဘဝ တောက်ပမည်။
၁၄။ ရှက်ကြောက် ရှိမှ, လူပီသ, ဘဝ လှပမည်။
၁၅။ ရှက်ကြောက် ရှိမှ, လူပီသ, ဘဝ ဖြူစင်မည်။

(ဓမ္မပဒ၊ ၆၊ ဒု၊ ၄၈)



http://www.dhammadownload.com

(၈) ပါးသီလ လက်စ်

၁။ သက်ရှိသတ္တဝါ, သတ်ဖြတ်တာ, ငါဟာ ရှောင်ပါမည်။
၂။ သူများဥစ္စာ, ခိုးယူတာ, ငါဟာ ရှောင်ပါမည်။
၃။ မေထုန်မှုမှာ, မှီဝဲတာ, ငါဟာ ရှောင်ပါမည်။
၄။ လိမ်ညာ၍သာ, ပြောဆိုတာ, ငါဟာ ရှောင်ပါမည်။
၅။ အရက်သေစာ, သောက်စားတာ, ငါဟာ ရှောင်ပါမည်။
၆။ နေလွဲ ညစာ, စားသောက်တာ, ငါဟာ ရှောင်ပါမည်။
၇။ က-ဆို-တီးတာ, ပွဲကြည့်တာ, ငါဟာ ရှောင်ပါမည်။
ပန်း ပန်ဆင်တာ, ဖြီးလိမ်းတာ, ငါဟာ ရှောင်ပါမည်။
၈။ မြင့်မြတ်နေရာ, ထိုင်အိပ်တာ, ငါဟာ ရှောင်ပါမည်။

(အံ၊ တ၊ ၇၉)

❐

http://www.dhammadownload.com

လူကောင်းနဲ့လူဆိုး

၁။ လူကောင်းဆိုတာ,
ကောင်းတဲ့ဟာ, လွယ်စွာ လုပ်ပါသည်။
၂။ လူဆိုးဆိုတာ, မကောင်းတာ, လွယ်စွာ လုပ်ပါသည်။
၃။ လူကောင်းဆိုတာ, မကောင်းတာ,
ခက်စွာ လုပ်ပါသည်။
၄။ လူဆိုးဆိုတာ, ကောင်းတဲ့ဟာ, ခက်စွာ လုပ်ပါသည်။

(ဥဒါနပါဠိ - ၁၅၀)

၅။ သူသက် သတ်တာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၆။ ခိုးယူတာဟာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၇။ ဖောက်ပြားတာဟာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၈။ လိမ်ပြောတာဟာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၉။ ကုန်းတိုက်တာဟာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၁၀။ အပြော ကြမ်းတာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၁၁။ ကျိုးမဲ့ ပြောတာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၁၂။ ပိုင်စီး လိုတာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၁၃။ သေပျက် စေလိုတာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၁၄။ ယူမှားတာဟာ, မကောင်းပါ, ပို့ပါ ငရဲပြည်။
၁၅။ မသတ်တာဟာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။
၁၆။ မခိုးတာဟာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။

http://www.dhammadownload.com

၁၇။ မဖောက်ပြားတာဟာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။
၁၈။ အမှန် ပြောတာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။
၁၉။ စေ့စပ် ပြောတာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။
၂၀။ အပြောချို့တာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။
၂၁။ ကျိုးရှိ ပြောတာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။
၂၂။ အပိုင် မစီးလိုတာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။
၂၃။ ချမ်းသာ စေလိုတာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။
၂၄။ ယူမှန်တာဟာ, ကောင်းလှပါ, ပို့ပါ နတ်တို့ပြည်။

(အံ၊ ပါဠိ၊ တ၊ ၄၈၂၊ ၄၉၀)

၃၈ ပြာ မင်္ဂလာ

၁။ လူဆိုး ရှောင်ကြဉ်, လူကောင်းတွင်,
အသင် ပေါင်းရသည်။
၂။ ပူဇော်ထိုက်ငြား, ပုဂ္ဂိုလ်များ, လေးစားပူဇော်ရပါသည်။
၃။ သင့်ရာဒေသ, နေထိုင်ရ, ရှေးက ကံကောင်း ရှိရသည်။
၄။ ကိုယ့်ရဲ့ဘဝ, ကောင်းအောင်ပ, လုံ့လ ပြုရသည်။
၅။ ကြားမြင်များရ, လက်မှုက, တတ်ရ ကျွမ်းရသည်။
၆။ ကိုယ်နှုတ်စိတ်မှာ, ဆုံးမတာ, ကောင်းစွာ သင်ရသည်။

http://www.dhammadownload.com

၇။ စကားကောင်း ပြော, အမိရော, ဖရော ပြုစုသည်။
၈။ သားနဲ့သမီး, ချစ်ဇနီး, ခီုးခီုးမြွှာက်မြွှာက် ရှိရသည်။
၉။ အလုပ်ကိစ္စ, ရှုပ်ကင်းရ, ဒါန ပြုရသည်။
၁၀။ ကျင့်ကောင်း (၁၀) ဖြာ, ကျင့်ရပါ,
ဆွေဉာ ထောက်ရသည်။
၁၁။ အပြစ်ကင်းငြား, အလုပ်များ, ကြိုးစားလုပ်ရသည်။
၁၂။ မကောင်းဖြစ်ရင်, ကိုယ်-နှုတ်ပြင်,
စိတ်တွင် ရှောင်ရသည်။
၁၃။ မူးယစ်စေငြား, အရာများ, သုံးစား ရှောင်ရသည်။
၁၄။ ကုသိုလ်တရား, မမေ့ငြား, လေးစား နှိမ်ချသည်။
၁၅။ ရောင့်ရဲလေဘိ, ကျေးဇူးသိ, နာ၏ တရားအလိမ်။
၁၆။ သည်းခံတတ်ရ, ဆုံးမက, လွယ်ရပါပေသည်။
၁၇။ ရှင်-ရဟန်းများ, ဖူးမြော်ငြား, တရား ဆွေးနွေးသည်။
၁၈။ ကွန်ဒြေစောင့်ပါ, ကျင့်မြတ်မှာ, ကျင့်ကာ မှန်မြင်သည်။
၁၉။ နိဗ္ဗာန်မြင်ကာ, ရဟန္တာ, ဖြစ်ကာ သွားရသည်။
၂၀။ လောကဓံ ကြုံ, စိတ် မတုန်, မျိုးစုံသောက ကင်းပေပြီ။
၂၁။ မြူ ကိလေသာ, ကင်းစင်ကွာ, ဘေးပါ ကင်းလေပြီ။
၂၂။ ကြီးပွားချမ်းသာ, ဖြစ်စေတာ, မင်္ဂလာ မည်ပါသည်။
၂၃။ (၃၈) ပါး, မင်္ဂလာများ, ဘုရား ဟောခဲ့သည်။

(ခုဒ္ဒကပါဋ္ဌ၊ ၃)

http://www.dhammadownload.com

မိဘအား ပြုစုပါ

၁။ ဗြဟ္မာ - ဦးစွ, ဆရာက, မိဘ ဖြစ်ပါသည်။
၂။ အလှူခံကောင်းက, ကိုယ့်အိမ်မှ, မိဘ ဖြစ်ပါသည်။
၃။ မိဘတွေကား, ကျေးဇူးများ,
သက်အား စောင့်ပေးသည်။
၄။ မွေးမြူပေးငြား, လောကအား, ပြသွားကြပါသည်။
၅။ မိဘတွေမှာ, ရှိခိုးရာ, ကောင်းစွာ ပြုစုရပါသည်။
၆။ အစာ-ဖျော်ရည်, ဝတ်အထည်,
တစ်လီ အိပ်ရာ ပေးရသည်။
၇။ နံ့သာ လိမ်းပေး, ရေချိုးပေး, ခြေဆေး ပေးရသည်။
၈။ မိဘနှစ်ပါး, ပြုစုငြား, သူ့အား ချီးမွမ်းကြပေသည်။
၉။ သေပြီးနောက်ခါ, နတ်ပြည်မှာ,
ရောက်ကာ ဝမ်းသာသည်။

(အံ၊ ပ၊ ၁၃၀)

❐

http://www.dhammadownload.com

ရိုသေပါ

၁။ ရိုသေထိုက်ရာ, ရိုသေပါ, သူဟာ အသက်ရှည်။
၂။ ရိုသေထိုက်ရာ, ရိုသေပါ, သူဟာ ချမ်းသာသည်။
၃။ ရိုသေထိုက်ရာ, ရိုသေပါ, သူဟာ ရုပ်လှသည်။
၄။ ရိုသေထိုက်ရာ, ရိုသေပါ, သူဟာ အားသန်သည်။

(ခမ္မပဒ၊ ၆၊ ပ၊ ၄၂၅)

❐

ယမမင်း စစ်တမ်း

၁။ ဒုစရိုက် (၁၀) ပါး, ကျင့်သူကား, ရောက်သွား ငရဲပြည်။
၂။ ငရဲထိန်းများ, သူ့ခေါ်သွား, ယမအား ပြကြသည်။
၃။ မိဘ ရဟန်းမှာ, ကြီးသူမှာ, သူဟာ မှားစွာ ပြုကျင့်သည်။
၄။ သူ့အား သင်ကား, ဒဏ်တွေ ထား,
ပြောကြားကြလေသည်။
၅။ ယမမင်းကား, လူသုံးစား, သူ့အား မေးလေသည်။
၆။ လူအို လူနာ, လူသေပါ, သုံးဖြာ သူ မေးသည်။
၇။ ရှစ်ဆယ်-ကိုးဆယ်, တစ်ရာရွယ်, အရွယ် ကြီးနေပြီ။
၈။ ခြင်ရနယ်ပမာ, ကိုယ်ခန္ဓာ, ကွေးကာ ကုန်းနေပြီ။

http://www.dhammadownload.com

၉။ တုတ်ကို ကိုင်ကာ, တုန်ယင်စွာ, သွားကာ နေရသည်။
၁၀။ အရွယ်လွန်စွ, သွားကျိုးရ, ဆံကာ ဖြူနေပြီ။
၁၁။ ဦးခေါင်း ပြောင်နေ, သားအရေ, တွန့်နေလေပေပြီ။
၁၂။ မှည့်နက်တွေကား, နှံ့အပြား, ပြန့်ပွားနေလေပြီ။
၁၃။ ဒီလိုအိုငြား, လူအိုအား, သင်ကား တွေ့ခဲ့ပါသလော။
၁၄။ ထိုလူအိုတွင်, မြင်တွေ့စဉ်, ဆင်ခြင်မိသလော။
၁၅။ အိုတတ်ငါက, ခုနယ်က, ပြုမှ ကောင်းမှုအလိလီ။
၁၆။ ယမ မေးငြား, ငရဲသား, ဖြေကြား ဤသို့ ဖြစ်ပါသည်။
၁၇။ ကောင်းမှုဖြာဖြာ, မလုပ်ပါ, ငါဟာ မှေ့ခဲ့သည်။
၁၈။ ယမမင်းကား, ငရဲသား, စကား ဤသို့ ပြောပြန်သည်။
၁၉။ သင့်ကံဆိုးများ, သင် လုပ်ထား, အခြားသူတွေ မလုပ်ပြီ။
၂၀။ မိဘ-ဆွေ-သဟာ, နတ်ဒေဝါ, ဆရာ လာ၍ မလုပ်ပြီ။
၂၁။ သင်သာ ပြုငြား, ကံဆိုးများ, သင့်အား ကျိုးပေးမည်။
၂၂။ ရောဂါဝေဒနာ, ပြင်းထန်စွာ, သူဟာ ခံရသည်။
၂၃။ ကိုယ့်ချေး-သေးမှာ, လဲလျောင်းကာ,
အိပ်ကာ နေရသည်။
၂၄။ အခြားသူတွေက, ထူပေးရ, သိပ်ရပါပေသည်။
၂၅။ ဒီလို နာငြား, လူနာအား, သင်ကား တွေ့ခဲ့ပါသလော။
၂၆။ သေပြီး တစ်ရက်ကြာ, နှစ်ရက်ကြာ,
သုံးပါ ကြာသွားပြီ။
၂၇။ ဖူးဖူးရောင်ပုပ်, ညိုမည်းပုပ်, ပြည်ပုပ် ထွက်နေပြီ။

http://www.dhammadownload.com

၂၈။ ဒီလိုဖြစ်ငြား, လူသေအား,
သင်ကား တွေ့ခဲ့ပါသလော။
၂၉။ လူနာ, လူသေ, အိုလိုပေ, မေးလေ ပြောလေပြီ။
၃၀။ မေးစစ်ပြီးငြား, ယမကား, စကား မဆိုပြီ။
၃၁။ ငရဲထိန်းများ, ထိုသူအား, တအားညှဉ်းဆဲပြီ။
၃၂။ သူ့လက်နှစ်ဖက်, ခြေနှစ်ဖက်, တစ်ချက်ရင်ဘတ်ဆီ။
၃၃။ ပူလောင်ပြင်းငြား, သံစို့များ, သွင်းထားကြလေသည်။
၃၄။ လွန်ကဲပြင်းစွာ, ဆင်းရဲကာ, သူဟာ ခံရသည်။
၃၅။ ကံ မကုန်သေးသမျှ, မသေရ, ခံရပေတော့သည်။
၃၆။ လဲလျောင်းစေပြီး, ဓားမကြီး, ကိုင်ပြီး ခုတ်ရွေသည်။
၃၇။ စောက်ထိုးထားကြ, ပဲကွပ်-မ, ခုတ်ကြ ရွေကြသည်။
၃၈။ ရထားတပ်ကာ, ပူမြေမှာ, သွားကာ ပြန်စေသည်။
၃၉။ မီးကျီးတောင်ကြီး, ပူလောင်ညီး,
တက်ပြီး ဆင်းစေသည်။
၄၀။ စောက်ထိုး ကိုင်ကာ, သံရည်ပါ, အိုးမှာ ထည့်ကြသည်။
၄၁။ ရေမြှုပ်ပမာ, ပေါ်တစ်ခါ, ငုတ်ခါ ဘေး သွားသည်။
၄၂။ ကံ မကုန်သေးသမျှ, မသေရ, ခံရပါတော့သည်။
၄၃။ ငရဲထိန်းတွေဟာ, ငရဲကြီးမှာ, ပစ်ကာ ချကြသည်။
၄၄။ အဝီစိမြည်ဟီး, ငရဲကြီး,
ထောင့်ကြီး(၄)ထောင့် ရှိပါသည်။
၄၅။ တံခါး (၄) ခု, ဖို့အစု, ထားပြု စေပြန်သည်။

http://www.dhammadownload.com

၄၆။ မီးတောက်လောင်ငြား, မီးလျှံအား,
ပြန့်သွား ယူဇနာတစ်ရာ တည်။
၄၇။ မကောင်းသူများ, ညှဉ်းပန်းငြား, စားစား ခံရသည်။
၄၈။ ငါဟာ လူဘဝ, ရလို့စွ, ဆန္ဒ ရှိပါသည်။
၄၉။ လောကပွင့်ငြား, မြတ်ဘုရား, ဝပ်တွား လိုပေသည်။
၅၀။ ဘုရားဟောကြား, မြတ်တရား, ငါကား သိလိုသည်။
၅၁။ ယမအကြံ, ထိုသုံးတန်, အမှန် ငါ သိသည်။
၅၂။ ဘုရားရှင်ကား, ရဟန်းများ,
မိန့်ကြား ထိုသို့ ဖြစ်ပါသည်။

(အံ၊ ပ၊ ၁၃၇)

❐

ဘာကိုမှ

၁။ သေခါနီးလေး, တွေးတွေးပေး, မာန ဝေးလိမ့်မည်။
၂။ သေခါနီးလေး, တွေးတွေးပေး, မာန သေးလိမ့်မည်။
၃။ သေခါနီးလေး, တွေးတွေးပေး, မာန ပြေးလိမ့်မည်။
၄။ သေခါနီးလေး, တွေးတွေးပေး, ဒေါသ ဝေးလိမ့်မည်။
၅။ သေခါနီးလေး, တွေးတွေးပေး, ဒေါသ သေးလိမ့်မည်။
၆။ သေခါနီးလေး, တွေးတွေးပေး, ဒေါသ ပြေးလိမ့်မည်။

http://www.dhammadownload.com

၇။ သေခါနီးလေး, တွေးတွေးပေး,
လောဘ ဝေးလိမ့်မည်။
၈။ သေခါနီးလေး, တွေးတွေးပေး,
လောဘ သေးလိမ့်မည်။
၉။ သေခါနီးလေး, တွေးတွေးပေး,
လောဘ ပြေးလိမ့်မည်။
၁၀။ သေသွားလေက, ဘာနဲ့မှ, ကိုယ်က မဆိုင်ပြီ။
၁၁။ သေသွားလေက, ဘာကိုမှ, ကိုယ်က မပိုင်ပြီ။
၁၂။ သေသွားတဲ့ခါ, ကိုယ့်ကံသာ,
ကိုယ်ဟာ ပိုင်တော့သည်။
၁၃။ ကောင်းတဲ့ကံတွေ, များများပေ, စုနေရပါမည်။
၁၄။ ကောင်းကံ များမှ, ရောက်လေရ, ဘဝ ချမ်းသာမည်။

❐

မေတ္တာပွားပါ

၁။ မေတ္တာတရား, ပွားသူအား, လူများ ချစ်ခင်သည်။
၂။ မေတ္တာတရား, ပွားသူအား, နတ်များ ချစ်ခင်သည်။
၃။ မေတ္တာတရား, ပွားသူအား,
နတ်များ စောင့်ရှောက်သည်။

http://www.dhammadownload.com

၄။ မေတ္တာပွားငြား, ဘေးရန်များ, ရှောင်ရှားကြပါသည်။
၅။ မေတ္တာပွားရင်, အမြန်ပင်, စိတ်စဉ် တည်ကြည်သည်။
၆။ မေတ္တာပွားရင်, မျက်နှာ ရွှင်, ကြည်လင်နေပါသည်။
၇။ မေတ္တာပွားရင်, သေခါတွင်,
ကြည်ကြည်လင်လင် သေရသည်။
၈။ မေတ္တာပွားရာ, ချမ်းသာစွာ, အိပ်တာ နိုးတာ ရှိပါသည်။
၉။ မေတ္တာပွားရင်, အိပ်မက်တွင်, အမြင် ကောင်းပါသည်။
၁၀။ မေတ္တာကျင့်စဉ်, နေ့တိုင်းပင်, အသင် ကျင့်သင့်သည်။
၁၁။ မေတ္တာကျင့်စဉ်, ည်သို့ပင်, အသင် ကျင့်သင့်သည်။
၁၂။ မိဘတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၃။ ဆရာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၄။ ဆွေမျိုးတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၅။ အတူနေသူတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၆။ ကျေးဇူးရှင်တွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၇။ နတ်, ဗြဟ္မာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၈။ လူသားတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၉။ ငရဲသားတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၀။ တိရစ္ဆာန်တွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၁။ ပြိတ္တာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။

http://www.dhammadownload.com

၂၂။ အသုရကာယ်တွေဟာ, ကိုယ်စိတ်မှာ,
ချမ်းသာကြပါစေ။
၂၃။ အားလုံးသတ္တဝါ, ကိုယ်စိတ်မှာ,
ချမ်းသာကြပါစေ။

❐

အားရစရာ မေတ္တာ

၁။ နံနက်-တစ်ရာ, နေ့-တစ်ရာ, ညပါ တစ်ရာ ရှိပါသည်။
၂။ တစ်နေ့ သုံးခါ, အိုးသုံးရာ, ချက်ကာ ကျွေးလျှသည်။
၃။ ထိုအိုးတွေကား, အကြီးစား, အိုးများ ဖြစ်ပါသည်။
၄။ နံနက် တစ်ခါ, နေ့ တစ်ခါ, ညပါ တစ်ခါစီ။
၅။ နို့တစ်ညှစ်စာ, ကြိမ်သုံးခါ, မေတ္တာပွားများသည်။
၆။ သို့မဟုတ်ပါ, နံ့သာမှာ, တစ်ရှူစာ (၃) လီ။
၇။ မေတ္တာပွားရာ, အချိန်ဟာ, လွန်စွာ နည်းပါသည်။
၈။ အိုးကြီးသုံးရာ, အလှူဟာ, လွန်စွာ များပြားသည်။
၉။ ထိုလှူထက်သာ, ထိုမေတ္တာ, ကျိုးမှာ ပိုကြီးသည်။
၁၀။ မေတ္တာပွားများ, အကျိုးကား, အားရဖို့ ကောင်းသည်။

(သံယုတ်၊ ပ၊ ၄၅၅)

❐

http://www.dhammadownload.com

ထိပ်ဆုံးက ဝိပဿနာ၊ သို့အောက်က မေတ္တာ

၁။ ဝေလာမကား, လောင်းဘုရား, ပုဏ္ဏား ဖြစ်ပါသည်။
၂။ (၇) နှစ် (၇) လ, ချိန်ကြာစွ, သူက လျှခဲ့သည်။
၃။ သူ့အလျှမှာ, မပါတာ, ဘာမှ မရှိပြီ။
၄။ စားသောက်ဖွယ်ကား, မြစ်ရေလား,
စီးသွားနေပေသည်။
၅။ ရွှေငွေစစွာ, ရတနာ, များစွာ လျှဒါန်းသည်။
၆။ ကုဋေများစွာ, ဝတ်တွေပါ, သူဟာ လျှဒါန်းသည်။
၇။ လောကီလူသား, အများအား, သူကား လျှရသည်။
၈။ ဝေလာမအလျှဟာ, အချိန်ကြာ,
လျှတာ လွန်များသည်။
၉။ သို့သော် သောတာပန်တစ်ဦးအား, အလျှကား,
ကျိုးသွား ပိုကြီးသည်။
၁၀။ သောတာပန်တစ်ရာအား, လျှထက်ကား,
သကဒါဂါမ်တစ်ပါးအား အလျှက ကျိုးပိုသည်။
၁၁။ သကဒါဂါမ်တစ်ရာအား, လျှထက်ကား,
အနာဂါမ်တစ်ပါးအား အလျှက ကျိုးပိုသည်။
၁၂။ အနာဂါမ်တစ်ရာအား, လျှထက်ကား,
ရဟန္တာ တစ်ပါးအား အလျှက ကျိုးပိုသည်။

http://www.dhammadownload.com

၁၃။ ရဟန္တာတစ်ရာအား, လျှုထက်ကား,
ပစ္စေကဗုဒ္ဓါတစ်ပါးအား အလျှူက ကျိုးပိုသည်။
၁၄။ ပစ္စေကဗုဒ္ဓါတစ်ရာအား, လျှုထက်ကား,
ဘုရားရှင်တစ်ပါးအား အလျှူက ကျိုးပိုသည်။
၁၅။ ဘုရားရှင်တစ်ပါးအား, လျှုထက်ကား,
ဘုရားမျူးရှိ သံဃာအား အလျှူက ကျိုးပိုသည်။
၁၆။ ထိုလျှုထက်မှာ, ကျောင်းလျှုဟာ, ကျိုးမှာ ပိုကြီးသည်။
၁၇။ ကျောင်းလျှုထက်ကား, သရဏဂုံသုံးပါး,
ကျိုးအား ပိုကြီးသည်။
၁၈။ သရဏဂုံထက်ကား, သီလငါး, ကျိုးအား ပိုကြီးသည်။
၁၉။ နံ့သာတစ်ရှူမျှ, ခဏကာလ, ပွားရ မေတ္တာသည်။
၂၀။ ငါးသီလထက်သာ, ထိုမေတ္တာ, ကျိုးမှာ ပိုကြီးသည်။
၂၁။ မေတ္တာထက်သာ, ဝိပဿနာ, ကျိုးမှာ ပိုကြီးသည်။

(အံ၊ တ၊ ၁၉၅)

❐

http://www.dhammadownload.com

ပန်း

၁။ ရိုးသားဖြောင့်မတ်,
ထိုစိတ်ဓာတ်, မြင့်မြတ်လှပါသည်။
၂။ မရိုးသားစွ, ကောက်ကျစ်က, နိမ့်ကျလှပါသည်။
၃။ ရိုးသားသူဟာ, လူများစွာ, ချစ်တာ ခံရသည်။
၄။ ရိုးသားသူအား, လူအများ, လေးစားအားကိုးသည်။
၅။ မရိုးသားရင်, မကြာခင်, သိမြင်လာကြသည်။
၆။ မရိုးသားရင်, ခဏပင်, အောင်မြင်နိုင်ပါသည်။
၇။ ရိုးသားဖြောင့်ရင်, ကြာရှည်ပင်,
အောင်မြင်တိုးတက်သည်။
၈။ ကောက်သော် စားမဝ, ဖြောင့်လေက, စားရ မကုန်ပြီ။
၉။ ရိုးသားသူအား, ကောင်းကျိုးများ,
များပြားကြီးမားသည်။
၁၀။ မရိုးသူအား, ကောင်းကျိုးများ, ရှားပါးလှပါသည်။
၁၁။ ရိုး-မရိုးမှာ, အကျိုးဟာ, လွန်စွာ ခြားနားသည်။
၁၂။ မရိုးလေလေ, နိမ့်သွားလေ, ရိုးလေ မြင့်လာသည်။
၁၃။ မဖြောင့်လေလေ, ကျရှုံးလေ,
ဖြောင့်လေ အောင်မြင်သည်။
၁၄။ လှပြီး မွှေးငြား, ပန်းလေးအား, လူများ ကြိုက်ကြသည်။
၁၅။ ရိုးသားဖြောင့်လျှင်, ထိုပန်းသွင်, ချစ်ခင်ခံရသည်။

http://www.dhammadownload.com

၁၆။ မလှ မမွေး, ပန်းကလေး, အရေးတယူ မရှိပြီ။
၁၇။ မရိုးသူအား, ထိုပန်းလား, လူများ မကြိုက်ပြီ။
၁၈။ နံစော် မလှ, ထိုပန်းကျ, လူက ရွံလေပြီ။
၁၉။ ကောက်ကျစ်သူအား, ထိုပန်းလား,
လူများ ရွံမုန်းသည်။
၂၀။ မွှေးမွှေးလှလှ, ပန်းလိုက, ရိုးမှ ဖြစ်ပါသည်။

❐

သည်းခံပါ

၁။ ကိုယ့်ကြောင့် သူမှာ, သည်းခံရတာ, ဘယ်ခါ မရှိသင့်ပြီ။
၂။ သူ့ကြောင့် ကိုယ်သာ, သည်းခံတာ, မှန်စွာ ရှိသင့်သည်။
၃။ ကိုယ့်ကြောင့် သူက, သည်းခံရ,
ကိုယ်က ရိုင်းသွားသည်။
၄။ သူ့ကြောင့် ကိုယ်က, သည်းခံရ, ကိုယ်က လိမ္မာသည်။
၅။ သည်းခံရခါ, မသက်သာ, စိတ်မှာ ရှိနိုင်သည်။
၆။ သည်းခံပြီးခါ, ပြန်တွေးရာ, စိတ်မှာ ကျေနပ်မည်။
၇။ သူ့ကျိုး ကိုယ့်ကျိုး, ကျိုးနှစ်မျိုး, ပွားတိုးလာပါမည်။
၈။ သည်းခံပါက, နောင်ကာလ, နောင်တ ကင်းပသည်။
၉။ သည်းမခံက, နောင်ခါမှ, နောင်တရတတ်သည်။

http://www.dhammadownload.com

၁၀။ သည်းမခံငြား, လူ့ရမ်းကား, ဖြစ်သွားတတ်ပါသည်။
၁၁။ သည်းခံသူမှာ, ကြမ်းတမ်းတာ, ကင်းကွာနေပါသည်။
၁၂။ သည်းခံသူအား, လူအများ, လေးစားချင်ခင်သည်။
၁၃။ သည်းခံသူအား, ရန် မများ, ပြစ်များ ကင်းစင်သည်။
၁၄။ သည်းခံသူဟာ, သေသောခါ, ရွှင်စွာ သေရသည်။
၁၅။ သည်းခံသူဟာ, သေသွားရာ, ရောက်ပါ နတ်တို့ပြည်။
၁၆။ သည်းခံတာဟာ, မြတ်ဆုံးပါ, မြတ်စွာ မိန့်ခဲ့သည်။
၁၇။ အားကြီးတဲ့ လူ, အားနည်းလူ, နှစ်လူ ရှိပါသည်။
၁၈။ အားကြီးလူကား, အားနည်းအား,
သနားသည်းခံသည်။
၁၉။ ထိုသည်းခံတာ, လွန်မြတ်ပါ, ပညာရှိတွေ မိန့်ကြသည်။
၂၀။ နိုင်နိုင်ပေမင့်, နိုင်မကျင့်, စိတ်ဆင့် မြင့်လှသည်။

❐

လောကဓံ

၁။ ပစ္စည်းတွေ ရ, လူတွေက, ပျော်ကြ ရွှင်ကြသည်။
၂။ ခြွေရံတွေ ရ, လူတွေက, ပျော်ကြ ရွှင်ကြသည်။
၃။ ခီးမွမ်းခံရ, လူတွေက, ပျော်ကြ ရွှင်ကြသည်။
၄။ သုခတွေ ရ, လူတွေက, ပျော်ကြ ရွှင်ကြသည်။
၅။ ပစ္စည်း မရ, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။

http://www.dhammadownload.com

၆။ ပစ္စည်းပျက်က, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။
၇။ ခြွေရံ မရ, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။
၈။ ခြွေရံ ပျက်က, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။
၉။ ကဲ့ရဲ့ခံရ, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။
၁၀။ ကောင်းလောကဓံများ, တွေ့လေငြား,
လူများ ပျော်ရွှင်သည်။
၁၁။ ဆိုးလောကဓံများ, တွေ့လေငြား,
လူများ ဝမ်းနည်းသည်။
၁၂။ ထိုသို့ ကြုံရာ, လွန်ကဲစွာ,
ဝမ်းသာ ဝမ်းနည်း ကင်းရသည်။
၁၃။ လောကဓံများ, ခံနိုင်ငြား, စိတ်ထားမွေးရသည်။
၁၄။ ဘုရားသော်မှ, ဆွမ်းမရ, ကြုံရပါပေသည်။
၁၅။ ဘုရားသော်မှ, ခြွေရံပ, ကြုံရပါပေသည်။
၁၆။ ဘုရားသော်မှ, ကဲ့ရဲ့ကြ, ခံရပါပေသည်။
၁၇။ ဘုရားသော်မှ, ကိုယ်ဒုက္ခ, ခံရပါပေသည်။
၁၈။ ငါလိုလူမှာ, မကောင်းတာ, တွေ့တာ မဆန်းပြီ။
၁၉။ ကောင်းဆိုးကြုံငြား, မြတ်ဘုရား, စိတ်ထား မတုန်ပြီ။
၂၀။ မတုန်လေငြား, ထိုစိတ်ထား, များများ တွေးရသည်။

❐

http://www.dhammadownload.com

ထိပ်ဆုံးတွင်

၁။ တောင်၏ဘုရင်, ခြင်္သေ့ပင်, ပျင်းရင် ငတ်ပါမည်။
၂။ ဘယ်သားကောင်မှ, ပါးစပ်ဝ, ဝင်ကြ မရှိပြီ။
၃။ ကြိုးစားရှာကာ, ဖမ်းမှသာ, သူဟာ စားရသည်။
၄။ ခြင်္သေ့သော်မှ, ကြိုးစားရ, ဒါမှ ဝမ်းဝသည်။
၅။ ပျင်းသူထံကား, ကောင်းကျိုးများ, လာငြား မရှိပြီ။
၆။ ကောင်းကျိုးတွေကား, ပျင်းသူအား,
ရှောင်ရှားသွားကြသည်။
၇။ ကြိုးစားသူထံ, ကောင်းကျိုးမှန်,
တန်တန် ရောက်လာသည်။
၈။ သင် ကြိုးစားရင်, သင် အောင်မြင်, ပျင်းရင် ကျရှုံးမည်။
၉။ များများ ကြိုးစား, အသင်ကား,
ရောက်သွား ပန်းတိုင်ဆီ။
၁၀။ ကြိုးစားလေလေ, အောင်လေလေ,
ပျင်းလေ ရှုံးလေ ဖြစ်ပါသည်။
၁၁။ ထိပ်တန်းရောက်ငြား, ထိုသူများ,
ကြိုးစားသူတွေ ဖြစ်ကြသည်။
၁၂။ ပျင်းရိသူဟာ, ဘယ်သောခါ, ထိပ်မှာ မရောက်ပြီ။
၁၃။ ထိပ်ရောက်လိုက, ပျင်းလေ့ထ, ဖယ်မှ ဖြစ်ပါသည်။
၁၄။ တစ်နေ့ထက်တစ်နေ့ ကြိုးစားလေ့, မြင့်၍ လာရသည်။
၁၅။ မြင့်မြင့်ပေးရင်, ထိပ်ဆုံးတွင်, အသင် ရောက်လိမ့်မည်။

http://www.dhammadownload.com

ကိုယ်နှုတ်ဖျား

၁။ သူ့ပြစ်ပြောစကား, ကိုယ်နှုတ်ဖျား, နည်းပါးစေရမည်။
၂။ သူ့ဂုဏ်ပြောစကား, ကိုယ်နှုတ်ဖျား, များပြားစေရမည်။
၃။ ကိုယ့်ဂုဏ်ပြောစကား, ကိုယ်နှုတ်ဖျား,
နည်းပါးစေရမည်။

❐

မည်ည္ဥတ်ရင်

၁။ မြို့ရွာကိစ္စ, ကိုယ့်ကိစ္စ, ကိစ္စ (၂) မျိုး ရှိနေသည်။
၂။ (၂) ကို ဖယ်ထား, (၁) ကိုကား, လေးစားရပါသည်။
၃။ သို့ပါမှသာ, ကိုယ့်မြို့ရွာ, ညီညာ တိုးတက်မည်။
၄။ သို့မဟုတ်လျှင်, ကိုယ့်ရွာတွင်, လွန်ပင် နိမ့်ကျမည်။
၅။ သို့မဟုတ်လျှင်, ကိုယ့်မြို့တွင်, လွန်ပင် နိမ့်ကျမည်။
၆။ တိုးတက်ကြီးပွား, မြို့ရွာများ, သင်ကား မြင်နိုင်သည်။
၇။ ကိစ္စစုစု, ဆောင်ရွက်မှု, စုစုစည်းစည်း ရှိလှသည်။
၈။ နွားတွေ ကွဲပြား, ရန်သူ ကျား, တအား ပျော်လှသည်။
၉။ ကွဲပြားနေငြား, မလိုလား,
အခြားသူတွေ ဝမ်းသာသည်။

http://www.dhammadownload.com

၁၀။ မညီညွတ်ရင်, ကြောက်ဖွယ်ပင်, အသင် မြင်ရသည်။
၁၁။ ညီညွတ်နေလျှင်, ဘေးရန် စင်, အသင် မြင်ရသည်။
၁၂။ ထိုသို့ မြင်ကာ, ကိုယ့်မြို့ရွာ, မြဲသာ ညီရသည်။
၁၃။ ညီညွတ်နေက, ဝမ်းမြောက်ရ, မုချ တိုးတက်သည်။

❐

ရက်

၁။ လူဖြစ်လာလျက်, ဒါနတွက်, လျှုရက် မရှိပြီ။
၂။ လူဖြစ်လာလျက်, သီလတွက်, စောင့်ရက် မရှိပြီ။
၃။ လူဖြစ်လာလျက်, ဘာဝနာတွက်, ပွားရက် မရှိပြီ။
၄။ ဒါနကင်းပ, လူဘဝ, အရ မတော်ပြီ။
၅။ သီလကင်းပ, လူဘဝ, အရ မတော်ပြီ။
၆။ ဘာဝနာကင်းပ, လူဘဝ, အရ မတော်ပြီ။
၇။ ဒါနရှိမှ, လူဘဝ, အရ တော်ပေသည်။
၈။ သီလရှိမှ, လူဘဝ, အရ တော်ပေသည်။
၉။ ဘာဝနာရှိမှ, လူဘဝ, အရ တော်ပေသည်။
၁၀။ ဒါနရက်များ, သင်လူသား, များများ ရှိသင့်သည်။
၁၁။ သီလရက်များ, သင်လူသား, များများ ရှိသင့်သည်။
၁၂။ ဘာဝနာရက်များ, သင်လူသား, များများ ရှိသင့်သည်။

❐

http://www.dhammadownload.com

နတ်တွေ ပြောတဲ့ လူတွေအကြောင်း

၁။ နတ်မင်းကြီး (၄) ပါး, အမတ်များ,
လှည့်သွား ကြည့်ရှုသည်။
၂။ နတ်မင်းကြီး (၄) ပါး, သားတွေကား,
လှည့်သွား ကြည့်ရှုသည်။
၃။ နတ်မင်းကြီး (၄) ပါးဟာ, ကိုယ်တိုင်သာ,
လူ့ရွာ ကြည့်ရှုသည်။
၄။ (၈) ရက်မြောက်မှာ, အမတ်တွေဟာ,
လူ့ရွာ ကြည့်ရှုသည်။
၅။ (၁၄) ရက်မြောက်မှာ, သားတွေဟာ,
လူ့ရွာ ကြည့်ရှုသည်။
၆။ (၁၅) ရက်မြောက်မှာ, နတ် (၄) ဖြာ, လူ့ရွာ ကြည့်ရှုသည်။
၇။ မိဘပေါ်မှာ, လူတွေဟာ,
ကောင်းစွာ ကျင့်ကြပါရဲ့လား။
၈။ ရဟန်းသံဃာမှာ, လူတွေဟာ,
ကောင်းစွာ ကျင့်ကြပါရဲ့လား။
၉။ သူတော်ကောင်းတွေမှာ, လူတွေဟာ,
ကောင်းစွာ ကျင့်ကြပါရဲ့လား။
၁၀။ ကြီးသူတွေမှာ, လူတွေဟာ,
ကောင်းစွာ ကျင့်ကြပါရဲ့လား။

http://www.dhammadownload.com

၁၁။ ဥပုသ်နေ့ပါ, ကြို-ထွက်ပါ, စောင့်တာ လုပ်ကြပါရဲ့လား။
၁၂။ အခြားကောင်းမှု, အစုစု, ပြုကြပါရဲ့လား။
၁၃။ တာဝတိံသာ, သုဓမ္မာမှာ, များစွာ နတ်တွေ စုဝေးသည်။
၁၄။ နတ်ကြီး (၄) ပါး, ထိုပွဲသွား,
လူများအကြောင်း ပြောပြသည်။
၁၅။ ကောင်းမှုပြုလူ, နည်းနေမှု, စိတ်ပူ ဝမ်းနည်းသည်။
၁၆။ ကောင်းမှုပြုလူ, များလေမှု, ဂုဏ်ယူ ဝမ်းသာသည်။
၁၇။ နတ်တွေ များကာ, အပါယ်ရွာ,
နည်းတာ ဝမ်းသာသည်။
၁၈။ နတ်တွေ နည်းကာ, အပါယ်ရွာ,
များတာ ဝမ်းနည်းသည်။

(အံ၊ ပ၊ ၁၄၁)

❐

နောင်တ

၁။ မအိုချင်စွ, ထိုဆန္ဒ, လုံးဝ မပြည့်ပြီ။
၂။ မနာချင်စွ, ထိုဆန္ဒ, လုံးဝ မပြည့်ပြီ။
၃။ မသေချင်စွ, ထိုဆန္ဒ, လုံးဝ မပြည့်ပြီ။
၄။ တဖြည်းဖြည်းသာ, အိုအိုလာ, ကိုယ်မှာ တွေ့ရသည်။
၅။ ဟိုနားက နာ, ဒီက နာ, ကိုယ်မှာ နာလာသည်။

http://www.dhammadownload.com

၆။ တစ်နေ့နေ့မှာ, သေရမှာ, သင်ဟာ သေချာသည်။
၇။ မအိုခင်က, လျှုဒါန်, လျှုရပါပေမည်။
၈။ မအိုခင်က, မြတ်သီလ, စောင့်ရပါပေမည်။
၉။ မအိုခင်က, မြတ်ဓမ္မ, ပွားရပါပေမည်။
၁၀။ မနာခင်က, လျှုဒါန်, လျှုရပါပေမည်။
၁၁။ မနာခင်က, မြတ်သီလ, စောင့်ရပါပေမည်။
၁၂။ မနာခင်က, မြတ်ဓမ္မ, ပွားရပါပေမည်။
၁၃။ မသေခင်က, လျှုဒါန်, လျှုရပါပေမည်။
၁၄။ မသေခင်က, မြတ်သီလ, စောင့်ရပါပေမည်။
၁၅။ မသေခင်က, မြတ်ဓမ္မ, ပွားရပါပေမည်။
၁၆။ ဒါနကင်းက, အိုခါကျ, နောင်တ ရတတ်သည်။
၁၇။ သီလကင်းက, အိုခါကျ, နောင်တ ရတတ်သည်။
၁၈။ ဘာဝနာကင်းက, အိုခါကျ, နောင်တ ရတတ်သည်။
၁၉။ ဒါနကင်းက, နာခါကျ, နောင်တ ရတတ်သည်။
၂၀။ သီလကင်းက, နာခါကျ, နောင်တ ရတတ်သည်။
၂၁။ ဘာဝနာကင်းက, နာခါကျ, နောင်တ ရတတ်သည်။
၂၂။ ဒါနကင်းက, သေခါကျ, နောင်တ ရတတ်သည်။
၂၃။ သီလကင်းက, သေခါကျ, နောင်တ ရတတ်သည်။
၂၄။ ဘာဝနာကင်းက, သေခါကျ, နောင်တ ရတတ်သည်။
၂၅။ နောင်တကင်းရေး, ကုသိုလ်ရေး, မနှေးပြုသင့်သည်။

❐

http://www.dhammadownload.com

ဒါန-သီလ-ဘာဝနာ

၁။ ဒါနရှိမှ, နောင်ဘဝ, ဓန ရှိပါမည်။
၂။ သီလရှိမှ, နောင်ဘဝ, ဘဝ ကောင်းပါမည်။
၃။ ဘာဝနာရှိမှ, ထာဝရ, သုခ ရနိုင်သည်။

❐

ပို့စမ်းပါ

၁။ နတ်တာဝတိံသာ, နတ်သုရာ, စစ်ဟာ ဖြစ်နေပြီ။
၂။ ထိုခါ သိကြား, သူ့ရဲ့သား, စစ်သွား တိုက်ခိုင်းပြီ။
၃။ သုဝီရ (သုသီမ) ဟာ, မေ့နေပါ, သုံးခါ ရှိသွားသည်။
၄။ ထိုခါ သိကြား, သူ့သားအား, ပြောကြားပါလေပြီ။
၅။ မကြိုးစားဘဲသာ, ချမ်းသာရာ,
နေရာ ရှိရင် သင် သွားပါ။
၆။ ထိုနေရာမှာ, ငါ့ကိုပါ, သင်ဟာ ပို့စမ်းပါ။

(သံယုတ်၊ ပ၊ ၂၁၈)

❐

http://www.dhammadownload.com

အလှဘုရင်

၁။ ကိုယ့်မျက်နှာတွင်, လှစေချင်, လှပြင်နေကြသည်။
၂။ ကိုယ့်နှုတ်ခမ်းတွင်, လှစေချင်, လှပြင်နေကြသည်။
၃။ ကိုယ့်ပါးလေးတွင်, လှစေချင်, လှပြင်နေကြသည်။
၄။ ကိုယ့်မျက်လုံးတွင်, လှစေချင်, လှပြင်နေကြသည်။
၅။ ကိုယ့်မျက်ခုံးတွင်, လှစေချင်, လှပြင်နေကြသည်။
၆။ ကိုယ့်မျက်တောင်တွင်, လှစေချင်, လှပြင်နေကြသည်။
၇။ ကိုယ့်မျက်ရစ်တွင်, လှစေချင်, လှပြင်နေကြသည်။
၈။ ကိုယ့်ဆံပင်တွင်, လှစေချင်, လှပြင်နေကြသည်။
၉။ ကိုယ့်ရင်လေးတွင်, လှစေချင်, လှပြင်နေကြသည်။
၁၀။ ကိုယ့်တင်လေးတွင်, လှစေချင်, လှပြင်နေကြသည်။
၁၁။ ကိုယ့်လက်တွေတွင်, လှစေချင်, လှပြင်နေကြသည်။
၁၂။ ကိုယ့်လက်သည်းတွင်, လှစေချင်, လှပြင်နေကြသည်။
၁၃။ ကိုယ့်ခြေတွေတွင်, လှစေချင်, လှပြင်နေကြသည်။
၁၄။ ကိုယ့်ခြေသည်းတွင်, လှစေချင်, လှပြင်နေကြသည်။
၁၅။ ကိုယ့်တပ်ကိုယ်လုံးပင်, လှစေချင်, လှပြင်နေကြသည်။
၁၆။ ကိုယ်ခန္ဓာအား, လှအောင်ကား, ကြိုးစားပြင်ကြသည်။
၁၇။ ခန္ဓာကိုယ်တွင်, နေ့တိုင်းပင်, လှပြင်နေကြသည်။
၁၈။ ကိုယ့်ကိုယ်လိုပင်, ကိုယ့်စိတ်တွင်, လှပြင်ပေးရသည်။
၁၉။ ပြုပြင်ပေးက, ကိုယ့်စိတ်က, အလှကြွယ်လာမည်။

http://www.dhammadownload.com

၂၀။ စိတ်လှ ရုပ်လှ, နှစ်မျိုးလှ, အလှဘုရင် ဖြစ်ပေမည်။
၂၁။ ရုပ်မှာလိုပင်, စိတ်အစဉ်, နေ့စဉ် ပြင်ရသည်။
၂၂။ နေ့စဉ် ပြင်က, ကိုယ့်စိတ်က, အလှကြွယ်လာမည်။

❐

စိတ်အလှ

၁။ ကိုယ့်စိတ်ကိုကား, သတိထား, ပြင်သွားရပါသည်။
၂။ ကိုယ့်စိတ်ထဲတွင်, လောဘဝင်, ပြုပြင်ထားရသည်။
၃။ ကိုယ့်စိတ်ထဲတွင်, ဒေါသဝင်, ပြုပြင်ထားရသည်။
၄။ ကိုယ့်စိတ်ထဲတွင်, မောဟဝင်, ပြုပြင်ထားရသည်။
၅။ ကိုယ့်စိတ်ထဲတွင်, မာနဝင်, ပြုပြင်ထားရသည်။
၆။ ကိုယ့်စိတ်ထဲတွင်, ဣဿာဝင်, ပြုပြင်ထားရသည်။
၇။ ကိုယ့်စိတ်ထဲတွင်, ဝန်တိုဝင်, ပြုပြင်ထားရသည်။
၈။ ကိုယ့်စိတ်ထဲတွင်, အပျင်းဝင်, ပြုပြင်ထားရသည်။
၉။ မပြုပြင်က, စိတ်ညှဉ်က, ဒုက္ခပေးပါသည်။
၁၀။ ပြုပြင်လို့ရ, စိတ်ကောင်းက, သုခပေးပါသည်။
၁၁။ လောဘ ဝင်ရင်, သတိယှဉ်, ဆင်ခြင်ပြင်ရသည်။
၁၂။ ဒေါသ ဝင်ရင်, သတိယှဉ်, ဆင်ခြင်ပြင်ရသည်။
၁၃။ မောဟ ဝင်ရင်, သတိယှဉ်, ဆင်ခြင်ပြင်ရသည်။

http://www.dhammadownload.com

၁၄။ မာန ဝင်ရင်, သတိယှဉ်, ဆင်ခြင်ပြင်ရသည်။
၁၅။ ကျဿာ ဝင်ရင်, သတိယှဉ်, ဆင်ခြင်ပြင်ရသည်။
၁၆။ ဝန်တို ဝင်ရင်, သတိယှဉ်, ဆင်ခြင်ပြင်ရသည်။
၁၇။ အပျင်း ဝင်ရင်, သတိယှဉ်, ဆင်ခြင်ပြင်ရသည်။
၁၈။ စိတ်ညံ့ ဝင်ရင်, သတိယှဉ်, ဆင်ခြင်ပြင်ရသည်။
၁၉။ သတိယှဉ်ကာ, အခါခါ, ပြင်ကာ ပေးရသည်။
၂၀။ ခါခါ ပြင်က, ကိုယ့်စိတ်က, အလှပိုလာသည်။

❐

အလှ

၁။ ရုပ်တော့ မလှ, စိတ်တော့ လှ, များက ချစ်ခင်သည်။
၂။ ရုပ်တော့ မလှ, စိတ်တော့ လှ, များက လေးစားသည်။
၃။ ရုပ်တော့ မလှ, စိတ်တော့ လှ, များက အားကိုးသည်။
၄။ ရုပ်တော့ လှပ, စိတ် မလှ, များက ရွံမုန်းသည်။
၅။ ရုပ်တော့ လှပ, စိတ် မလှ, များက စက်ဆုပ်သည်။
၆။ ရုပ်တော့ လှပ, စိတ် မလှ, များက ရှောင်ကြဉ်သည်။
၇။ ရုပ်ရည်လည်း လှ, စိတ်လည်း လှ, များက လွန်ချစ်သည်။
၈။ ရုပ်ရည်လည်း လှ, စိတ်လည်း လှ, များက လွန်ခင်သည်။
၉။ ရုပ်ရည်လည်း လှ, စိတ်လည်း လှ, များက ချဉ်းကပ်သည်။

http://www.dhammadownload.com

၁၀။ အလှ (၂) လှ, ပိုင်သူက, လောက လွန်ရှားသည်။
၁၁။ ရုပ်ပင် မလှ, စိတ်စဉ်ကျ, လှပလာအောင် လုပ်ရသည်။
၁၂။ ကိုယ့်စိတ်အစဉ်, နေ့စဉ် ပြင်, မှန်ပင် လှလာမည်။
၁၃။ သတိ ပညာ, ပါလာရာ, စိတ်ဟာ လှလာသည်။
၁၄။ မေတ္တာ-ကရုဏာ, ပါလာရာ, စိတ်ဟာ လှလာသည်။
၁၅။ ခန္တီ-မုဒိတာ, ပါလာရာ, စိတ်ဟာ လှလာသည်။

❐

နှစ်ခု

၁။ ရိုးသား-ကြိုးစား, ထိုသူအား, အများ လေးစားသည်။
၂။ ရိုးသား-ကြိုးစား, ထိုသူအား, အများ အားကိုးသည်။
၃။ ရိုးသား-ကြိုးစား, ထိုသူအား, အများ ချစ်ခင်သည်။
၄။ ရိုးသား-ကြိုးစား, ထိုသူကား, ကြီးပွားချမ်းသာသည်။
၅။ မရိုးမသား, မကြိုးစား, သူ့အား ထင်သေးသည်။
၆။ မရိုးမသား, မကြိုးစား, သူ့အား ရွဲ့ကြသည်။
၇။ မရိုးမသား, မကြိုးစား, သူ့အား ရှောင်ကြသည်။
၈။ မရိုးမသား, မကြိုးစား, သူကား မွဲတေသည်။
၉။ မရိုးမသား, မကြိုးစား, သူကား ဆင်းရဲသည်။
၁၀။ ရိုးသားဖြောင့်မှု, ကြိုးစားမှု, နှစ်ခု လိုအပ်သည်။

http://www.dhammadownload.com

၁၁။ ထိုနှစ်ခု ရှိက, လူ့လောက, မုချ ကြီးပွားသည်။
၁၂။ ထိုနှစ်ခု ရှိက, လူ့လောက, မုချ ချမ်းသာသည်။
၁၃။ ထိုနှစ်ခု ရှိက, လူ့လောက, မုချ တိုးတက်သည်။
၁၄။ ထိုနှစ်ခု ရှိက, လူ့လောက, မုချ အောင်မြင်သည်။
၁၅။ ထိုနှစ်ခု ရှိက, လူ့လောက, မုချ ကျော်ကြားသည်။

❐

ကြိုးစားလို့သာ

၁။ တိုးတက်ကြီးပွား, လူတွေအား,
သင်ကား ကြည့်သင့်သည်။
၂။ တိုးတက်ကြီးပွား, အိမ်တွေအား,
သင်ကား ကြည့်သင့်သည်။
၃။ တိုးတက်ကြီးပွား, ရွာတွေအား,
သင်ကား ကြည့်သင့်သည်။
၄။ တိုးတက်ကြီးပွား, မြို့တွေအား,
သင်ကား ကြည့်သင့်သည်။
၅။ တိုးတက်ကြီးပွား, နိုင်ငံအား,
သင်ကား ကြည့်သင့်သည်။
၆။ တိုးတက်ကြီးပွား, လူတွေကား, ကြိုးစားကြပါသည်။

http://www.dhammadownload.com

၇။ တိုးတက်ကြီးပွား, အိမ်တွေကား, ကြိုးစားကြပါသည်။
၈။ တိုးတက်ကြီးပွား, ရွာတွေကား, ကြိုးစားကြပါသည်။
၉။ တိုးတက်ကြီးပွား, မြို့တွေကား, ကြိုးစားကြပါသည်။
၁၀။ တိုးတက်ကြီးပွား, နိုင်ငံကား, ကြိုးစားကြပါသည်။
၁၁။ ကြိုးစားလို့သာ, ထိုလူဟာ, ကောင်းစွာ ကြီးပွားသည်။
၁၂။ ကြိုးစားလို့သာ, ထိုအိမ်ဟာ, ကောင်းစွာ ကြီးပွားသည်။
၁၃။ ကြိုးစားလို့သာ, ထိုရွာဟာ, ကောင်းစွာ ကြီးပွားသည်။
၁၄။ ကြိုးစားလို့သာ, ထိုမြို့ဟာ, ကောင်းစွာ ကြီးပွားသည်။
၁၅။ ကြိုးစားလို့သာ, ထိုနိုင်ငံဟာ, ကောင်းစွာ ကြီးပွားသည်။
၁၆။ ကြိုးစားမှုကား, လူတွေအား, မြင့်မားစေပါသည်။
၁၇။ ကြိုးစားမှုကား, အိမ်တွေအား, မြင့်မားစေပါသည်။
၁၈။ ကြိုးစားမှုကား, ရွာတွေအား, မြင့်မားစေပါသည်။
၁၉။ ကြိုးစားမှုကား, မြို့တွေအား, မြင့်မားစေပါသည်။
၂၀။ ကြိုးစားမှုကား, နိုင်ငံအား, မြင့်မားစေပါသည်။
၂၁။ ကြိုးစားကြလျှင်, လူတိုင်းတွင်, မှန်ပင် ကြီးပွားမည်။
၂၂။ ကြိုးစားကြလျှင်, အိမ်တိုင်းတွင်, မှန်ပင် ကြီးပွားမည်။
၂၃။ ကြိုးစားကြလျှင်, ရွာတိုင်းတွင်, မှန်ပင် ကြီးပွားမည်။
၂၄။ ကြိုးစားကြလျှင်, မြို့တိုင်းတွင်, မှန်ပင် ကြီးပွားမည်။
၂၅။ ကြိုးစားကြလျှင်, နိုင်ငံတိုင်းတွင်, မှန်ပင် ကြီးပွားမည်။

❐

http://www.dhammadownload.com

ပျင်းနေသမျှ

၁။ အိပ်ရာမှ ထ, နောက်မကျ, သူက ကြီးပွားသည်။
၂။ အလုပ်သွားက, နောက်မကျ, သူက ကြီးပွားသည်။
၃။ အလုပ်လုပ်က, နောက်မကျ, သူက ကြီးပွားသည်။
၄။ အလုပ်ချိန်တွင်း, ခိုကပ် ကင်း, မယွင်း ကြီးပွားသည်။
၅။ အလုပ်ပြန်က, နောက်ဆုံးကျ, သူက ကြီးပွားသည်။
၆။ အပျင်းကို ခွာ, ဤလူ့ရွာ, မှန်စွာ ကြီးပွားသည်။
၇။ အပျင်းခွာမှ, လူဘဝ, တောက်ပနိုင်ပါသည်။
၈။ ကြီးပွားလိုလျှင်, အပျင်းနှင်, နှင်ရင် ကြီးပွားသည်။
၉။ တောက်ပလိုလျှင်, အပျင်းနှင်, နှင်ရင် တောက်ပသည်။
၁၀။ ပျင်းတဲ့သူကား, ဘယ်သွားသွား, ကြီးပွားကင်းမဲ့သည်။
၁၁။ မပျင်းသူကား, ဘယ်သွားသွား, ကြီးပွားချမ်းသာသည်။
၁၂။ အပျင်းတွေ များ, ထိုလူကား, ကြီးပွားကင်းမဲ့သည်။
၁၃။ အပျင်းတွေ များ, ထိုအိမ်ကား, ကြီးပွားကင်းမဲ့သည်။
၁၄။ အပျင်းတွေ များ, ထိုရွာကား, ကြီးပွားကင်းမဲ့သည်။
၁၅။ အပျင်းတွေ များ, ထိုမြို့ကား, ကြီးပွားကင်းမဲ့သည်။
၁၆။ အပျင်းတွေ များ, နိုင်ငံကား, ကြီးပွားကင်းမဲ့သည်။
၁၇။ အပျင်း ဖယ်ရှား, ထိုလူကား, ကြီးပွားချမ်းသာသည်။
၁၈။ အပျင်း ဖယ်ရှား, ထိုအိမ်ကား, ကြီးပွားချမ်းသာသည်။
၁၉။ အပျင်း ဖယ်ရှား, ထိုရွာကား, ကြီးပွားချမ်းသာသည်။

http://www.dhammadownload.com

၂၀။ အပျင်း ဖယ်ရှား, ထိုမြို့ကား, ကြီးပွားချမ်းသာသည်။
၂၁။ အပျင်း ဖယ်ရှား, နိုင်ငံကား, ကြီးပွားချမ်းသာသည်။
၂၂။ ကြီးပွားလိုလျှင်, လူတိုင်းပင်, ပျင်းနှင်ကြရမည်။
၂၃။ ကြီးပွားလိုလျှင်, အိမ်တိုင်းပင်, ပျင်းနှင်ကြရမည်။
၂၄။ ကြီးပွားလိုလျှင်, ရွာတိုင်းပင်, ပျင်းနှင်ကြရမည်။
၂၅။ ကြီးပွားလိုလျှင်, မြို့တိုင်းပင်, ပျင်းနှင်ကြရမည်။
၂၆။ ကြီးပွားလိုလျှင်, နိုင်ငံတိုင်းပင်, ပျင်းနှင်ကြရမည်။
၂၇။ ပျင်းနေသမျှ, ထိုလူက,
အောက်ကျ နောက်ကျ ရှိလိမ့်မည်။
၂၈။ ပျင်းနေသမျှ, ထိုအိမ်က,
အောက်ကျ နောက်ကျ ရှိလိမ့်မည်။
၂၉။ ပျင်းနေသမျှ, ထိုရွာက,
အောက်ကျ နောက်ကျ ရှိလိမ့်မည်။
၃၀။ ပျင်းနေသမျှ, ထိုမြို့က,
အောက်ကျ နောက်ကျ ရှိလိမ့်မည်။
၃၁။ ပျင်းနေသမျှ, နိုင်ငံက,
အောက်ကျ နောက်ကျ ရှိလိမ့်မည်။

❐

http://www.dhammadownload.com

လေးစားကြလိမ့်မည်

၁။ သင့်စကားမှာ, ကရုဏာ, များစွာ ပါသင့်သည်။
၂။ သင့်စကားမှာ, ချစ်မေတ္တာ, များစွာ ပါသင့်သည်။
၃။ သင့်စကားမှာ, မုဒိတာ, များစွာ ပါသင့်သည်။
၄။ သင့်စကားမှာ, မြော်မြင်တာ, များစွာ ပါသင့်သည်။
၅။ သင့်စကားမှာ, သည်းခံတာ, များစွာ ပါသင့်သည်။
၆။ သင့်စကားမှာ, မှန်ကန်တာ, ကောင်းစွာ ပါရသည်။
၇။ ကရုဏာပါငြား, သင့်စကား, လေးစားကြလိမ့်မည်။
၈။ မေတ္တာပါငြား, သင့်စကား, လေးစားကြလိမ့်မည်။
၉။ မုဒိတာပါငြား, သင့်စကား, လေးစားကြလိမ့်မည်။
၁၀။ ပညာပါငြား, သင့်စကား, လေးစားကြလိမ့်မည်။
၁၁။ ခန္တီပါငြား, သင့်စကား, လေးစားကြလိမ့်မည်။
၁၂။ သစ္စာပါငြား, သင့်စကား, လေးစားကြလိမ့်မည်။
၁၃။ ရင်အေးစေငြား, သင့်စကား, လေးစားကြလိမ့်မည်။
၁၄။ ကျိုးများစေငြား, သင့်စကား, လေးစားကြလိမ့်မည်။
၁၅။ အလင်းပေးငြား, သင့်စကား, လေးစားကြလိမ့်မည်။

❐

http://www.dhammadownload.com

ကြိုတင်လုံ့လ

၁။ ကြီးပွားချင်ရင်, ရာရာတွင်, ကြိုတင်လုံ့လ ရှိရသည်။
၂။ ချမ်းသာချင်ရင်, ရာရာတွင်, ကြိုတင်လုံ့လ ရှိရသည်။
၃။ တိုးတက်ချင်ရင်, ရာရာတွင်, ကြိုတင်လုံ့လ ရှိရသည်။
၄။ အောင်မြင်ချင်ရင်, ရာရာတွင်,
ကြိုတင်လုံ့လ ရှိရသည်။
၅။ ရှေ့ရောက်ချင်ရင်, ရာရာတွင်, ကြိုတင်လုံ့လ ရှိရသည်။
၆။ ထိပ်ရောက်ချင်ရင်, ရာရာတွင်, ကြိုတင်လုံ့လ ရှိရသည်။
၇။ ကြိုတင်လုံ့လ, ရှိသူက, မုချ ကြီးပွားသည်။
၈။ ကြိုတင်လုံ့လ, ရှိသူက, မုချ ချမ်းသာသည်။
၉။ ကြိုတင်လုံ့လ, ရှိသူက, မုချ တိုးတက်သည်။
၁၀။ ကြိုတင်လုံ့လ, ရှိသူက, မုချ အောင်မြင်သည်။
၁၁။ ကြိုတင်လုံ့လ, ရှိသူက, ရှေ့က ရောက်ပါသည်။
၁၂။ ကြိုတင်လုံ့လ, ရှိသူက, ထိပ်က နေပါသည်။
၁၃။ ကြိုတင်လုံ့လ, မရှိက, နောက်ကျ ကျန်ရစ်သည်။
၁၄။ ကြိုတင်လုံ့လ, မရှိက, အောက်က နေရသည်။

❐

http://www.dhammadownload.com

ဝမ်းစာ

၁။ နွားရှိသူဟာ, ကျွေးဖို့ရာ, နွားစာ ရှာရသည်။
၂။ ခွေးရှိသူဟာ, ကျွေးဖို့ရာ, ခွေးစာ ရှာရသည်။
၃။ ကြက်ရှိသူဟာ, ကျွေးဖို့ရာ, ကြက်စာ ရှာရသည်။
၄။ ဘဲရှိသူဟာ, ကျွေးဖို့ရာ, ဘဲစာ ရှာရသည်။
၅။ ဝက်ရှိသူဟာ, ကျွေးဖို့ရာ, ဝက်စာ ရှာရသည်။
၆။ သားရှိသူဟာ, ကျွေးဖို့ရာ, သားစာ ရှာရသည်။
၇။ သမီးရှိသူဟာ, ကျွေးဖို့ရာ, သမီးစာ ရှာရသည်။
၈။ ဇနီးရှိသူဟာ, ကျွေးဖို့ရာ, ဇနီးစာ ရှာရသည်။
၉။ လင်ရှိသူဟာ, ကျွေးဖို့ရာ, လင်စာ ရှာရသည်။
၁၀။ မြေးရှိသူဟာ, ကျွေးဖို့ရာ, မြေးစာ ရှာရသည်။
၁၁။ မြစ်ရှိသူဟာ, ကျွေးဖို့ရာ, မြစ်စာ ရှာရသည်။
၁၂။ အမိရှိသူဟာ, ကျွေးဖို့ရာ, အမိစာ ရှာရသည်။
၁၃။ အဖရှိသူဟာ, ကျွေးဖို့ရာ, အဖစာ ရှာရသည်။
၁၄။ ညီရှိသူဟာ, ကျွေးဖို့ရာ, ညီစာ ရှာရသည်။
၁၅။ ညီမရှိသူဟာ, ကျွေးဖို့ရာ, ညီမစာ ရှာရသည်။
၁၆။ တူရှိသူဟာ, ကျွေးဖို့ရာ, တူစာ ရှာရသည်။
၁၇။ တူမ ရှိသူဟာ, ကျွေးဖို့ရာ, တူမစာ ရှာရသည်။
၁၈။ ကိုယ့်အတွက်တာ, စားဖို့ရာ, ဝမ်းစာ ရှာရသည်။
၁၉။ ဝမ်းဗိုက် များလေ, ဝမ်းစာတွေ, များလေ ဖြစ်လာသည်။

http://www.dhammadownload.com

၂၀။ ဝမ်းပိုက် များများ, ဝမ်းစာများ, ကြိုးစား ရှာရသည်။
၂၁။ ဝမ်းပိုက် အစာ, နေ့တိုင်း ရှာ, အရှာ မစဲပြီ။
၂၂။ ဝမ်းစာ ရှာရင်းသာ, သေမင်းစာ, ဖြစ်ကာ သွားရသည်။
၂၃။ သေမင်းအစာ, ဖြစ်မှသာ, အရှာ ရပ်တော့သည်။
၂၄။ ဝမ်းစာ ဖွေရှာ, ကုသိုလ်ပါ, ဖွေရှာရပါသည်။
၂၅။ သို့ပါမှသာ, သံသရာ, ဝမ်းစာ ဖူလုံမည်။
၂၆။ သို့ပါမှသာ, သံသရာ, ရိက္ခာ ဖူလုံမည်။
၂၇။ ဝမ်းစာ ဖွေရှာ, မတရားပါ, ပါယ်ရွာ ရောက်ရသည်။
၂၈။ ပါယ်ရွာရောက်က, ကြီးဒုက္ခ, မုချ ခံရသည်။
၂၉။ ဝမ်းစာ ဖွေရှာ, တရားစွာ, ဖွေရှာရပါသည်။
၃၀။ တရားစွာ ရှာ, သေသွားရာ, နတ်ရွာ ရောက်ပါသည်။
၃၁။ တရားစွာ ရှာ, သေသွားရာ, လူ့ရွာ ရောက်ပါသည်။
၃၂။ လူ့ရွာရောက်က, လူ့သုခ, မုချ စံရသည်။
၃၃။ နတ်ရွာရောက်က, နတ်သုခ, မုချ စံရသည်။

❐

http://www.dhammadownload.com

နောင်တ

၁။ မကောင်းမှုများ, ပြုပြီးငြား, သူကား ဖုံးကွယ်သည်။
၂။ မကောင်းမှုများ, ပြုပြီးငြား, သူကား လိမ်ညာသည်။
၃။ မကောင်းမှုများ, ပြုပြီးငြား, သူကား လှည့်ပတ်သည်။
၄။ လိမ်ညာစကား, ပြောပြီးငြား, သူကား ဖုံးကွယ်သည်။
၅။ လိမ်ညာစကား, ပြောပြီးငြား, သူကား လှည့်ပတ်သည်။
၆။ သူတစ်ပါးတွင်, လိမ်ညာရင်, ရချင် ရနိုင်သည်။
၇။ ကိုယ့်ကိုယ်ကိုပင်, ပြန်လိမ်ရင်, ဘယ်တွင် ရလိမ့်မည်။
၈။ ကိုယ့်ကိုယ်ကိုသာ, ပြန်လိမ်တာ,
ကိုယ်ဟာ သိနေသည်။
၉။ သူတစ်ပါးကား, မသိငြား, ကိုယ်ကား သိနေသည်။
၁၀။ ကိုယ် မကောင်းတွင်, အကောင်းပင်,
မှတ်ထင်စေချင်သည်။
၁၁။ ကိုယ်လိမ်ရာတွင်, မှန်လို့ပင်, မှတ်ထင်စေချင်သည်။
၁၂။ မကောင်းသူကား, ပါယ်လေးပါး, ညာဝါး မရပြီ။
၁၃။ မကောင်းသူကား, ပါယ်လေးပါး,
ရောက်သွားရပါသည်။
၁၄။ မကောင်းသူအား, အပါယ်ကား,
ဒဏ်များ ခတ်တော့သည်။
၁၅။ မကောင်းသူကား, ပါယ်ဒဏ်များ, ရှောင်ရှားမရပြီ။

http://www.dhammadownload.com

၁၆။ မကောင်းသူဟာ, ပါယ်ရောက်ခါ, များစွာ ဆင်းရဲသည်။
၁၇။ မကောင်းခဲ့လေသမျှ, ပါယ်ရောက်မှ,
နောင်တရတော့သည်။
၁၈။ အပါယ်ရောက်မှ, နောင်တရ, နောက်ကျသွားလေပြီ။
၁၉။ နောင်တ ကင်းချင်, ယခုပင်, ကြိုတင်ကောင်းရသည်။
၂၀။ ကြို ကောင်းထားက, နောင်ကာလ,
နောင်တ ကင်းရသည်။

❐

လူနဲ့နေရာ

၁။ သူ့ကို ပေါင်းငြား, ကုသိုလ်ပွား, ယုတ်သွား အကုသည်။
၂။ ထိုလိုလူစား, အသင်ကား, ပေါင်းထားရပါသည်။
၃။ သူ့ကို ပေါင်းငြား, အကုပွား, ကုများ ယုတ်သွားသည်။
၄။ ထိုလိုလူစား, အသင်ကား, ရှောင်ရှားရပါသည်။
၅။ ဒီရပ်မှာကား, ကုသိုလ်ပွား, ယုတ်သွား အကုသည်။
၆။ ထိုရပ်မှာကား, အသင်ကား, နေထားရပါသည်။
၇။ ဒီရပ်မှာကား, အကုပွား, ကုများ ယုတ်သွားသည်။
၈။ ထိုရပ်ကိုကား, အသင်ကား, ရှောင်ရှားရပါသည်။

❐

http://www.dhammadownload.com

ပြု၊ ပြော၊ မနော

၁။ ဒီအမှုကား, အကု ပွား, ကုများ ယုတ်စေသည်။
၂။ ဒီအပြောကား, အကု ပွား, ကုများ ယုတ်စေသည်။
၃။ ဒီစိတ်ထားကား, အကု ပွား, ကုများ ယုတ်စေသည်။
၄။ ထိုပြု-ထိုပြော, ထိုမနော, မှတ်လော ရှောင်ရသည်။
၅။ ဒီမှုကြောင့်ကား, ကုသိုလ်ပွား, ယုတ်သွား အကုသည်။
၆။ ဒီပြောကြောင့်ကား, ကုသိုလ်ပွား,
ယုတ်သွား အကုသည်။
၇။ ဒီစိတ်ကြောင့်ကား, ကုသိုလ်ပွား,
ယုတ်သွား အကုသည်။
၈။ ထိုပြု-ထိုပြော, ထိုမနော, မှတ်လော ဆောင်ရသည်။

❐

သံဝေဂ

၁။ လူသေ တွေ့က, သံဝေဂ, ရကြတတ်ပါသည်။
၂။ လူနာ တွေ့က, သံဝေဂ, ရကြတတ်ပါသည်။
၃။ လူအို တွေ့က, သံဝေဂ, ရကြတတ်ပါသည်။
၄။ ဒုက္ခ တွေ့က, သံဝေဂ, ရကြတတ်ပါသည်။

http://www.dhammadownload.com

၅။ ကောက်ရိုးမီးလိုပ်, သံဝေဂ, ခဏသာ တည်သည်။
၆။ ရှားမီးလိုပ်, သံဝေဂ, ကာလ ကြာရှည်သည်။
၇။ သံဝေဂပွား, ကောင်းမှုကား, များများ ပြုသင့်သည်။
၈။ သံဝေဂ မပါ, တရားရှာ, ဘယ်ခါ မရပြီ။
၉။ သံဝေဂပါ, တရားရှာ, မြန်စွာ ရနိုင်သည်။
၁၀။ ဉာဏ်နှင့်ယှဉ်စွ, ထိတ်လန့်က, သံဝေဂ ခေါ်ပါသည်။

❐

အချစ်

၁။ ကိုယ်ချစ်သူက, ပြစ်တင်က, ကိုယ်က ခံနိုင်သည်။
၂။ ကိုယ်မုန်းသူက, ပြစ်တင်က, ကိုယ်က ခံခက်သည်။
၃။ အချစ်ဆိုတာ, ခန္ဓိပါ, တွဲပါလာစေသည်။
၄။ မေတ္တာသည်ကား, ခန္ဓိအား, ပေါက်ပွားစေပါသည်။
၅။ ရင်ခွင်နေငြား, သားလေးကား, မိအား ရိုက်ပုတ်သည်။
၆။ ရင်ခွင်နေငြား, သားလေးကား, မိအား ဆွဲကုတ်သည်။
၇။ မိခင်သည်ကား, သားလေးအား,
သနားခွင့်လွှတ်သည်။
၈။ မိခင်သည်ကား, သားလေးအား,
သနားကျေနပ်သည်။

http://www.dhammadownload.com

၉။ မိခင်သည်ကား, သားလေးအား,
သနားပျော်ရွှင်သည်။
၁၀။ မေတ္တာဆိုတာ, ကရုဏာ, တွဲပါလာစေသည်။
၁၁။ မေတ္တာဆိုတာ, မုဒိတာ, တွဲပါလာစေသည်။

❐

ကံသာ အမိ၊ ကံသာ အဖ

၁။ သံသရာ တစ်လွှား, ခရီးသွား, ကံများ ကောင်းရသည်။
၂။ ကိုယ်ကံ-နှုတ်ကံ, မနောကံ, သုံးကံ ရှိပါသည်။
၃။ ကံသုံးပါးကား, ကောင်းနေငြား,
ကံများ ကောင်းသည်မည်။
၄။ ကြောင်းကံ ကောင်းရင်, လိုလိုပင်,
ကျိုးတွင် ကောင်းတော့သည်။
၅။ အမိအလား, ကောင်းကံများ, ကိုယ့်အား ကူညီသည်။
၆။ အမိအလား, ကောင်းကံများ,
ကိုယ့်အား စောင့်ရှောက်သည်။
၇။ အမိအလား, ကောင်းကံများ, ကိုယ့်အား ကယ်မသည်။
၈။ အဖအလား, ကောင်းကံများ, ကိုယ့်အား ကူညီသည်။

http://www.dhammadownload.com

၉။ အဖအလား, ကောင်းကံများ,
ကိုယ့်အား စောင့်ရှောက်သည်။
၁၀။ အဖအလား, ကောင်းကံများ, ကိုယ့်အား ကယ်မသည်။
၁၁။ ကိုယ့်ကောင်းကံဟာ, မိအရာ, တည်ကာ နေပါသည်။
၁၂။ ကိုယ့်ကောင်းကံဟာ, ဖအရာ, တည်ကာ နေပါသည်။
၁၃။ ကံသာ မိဘ, လူ့လောက, ပြောကြ ဆိုကြသည်။

❐

ပြင်မှ

၁။ လိုအပ်ချက်ဟာ, လူတိုင်းမှာ, ရှိကာ နေပါသည်။
၂။ သူ့လိုချက်သာ, ကြည့်ရှုပါ,
စိတ်မှာ မကြည် ဖြစ်တတ်သည်။
၃။ မကောင်းကွက်ပြင်, ကောင်းဖြစ်စဉ်, လူတွင် ရှိပါသည်။
၄။ ကောင်း-မကောင်းဟာ, လူတိုင်းမှာ,
ယှဉ်ကာ တွဲနေသည်။
၅။ မကောင်း-မရှ, အကောင်း ရှ, စိတ်ခု ပြေသွားမည်။
၆။ မကောင်း-မရှ, အကောင်း ရှ, စိတ်ဖု ပြေသွားမည်။
၇။ အကောင်း လုံး၀, မရှိက, သနားရပါသည်။
၈။ အကောင်းချည်းသာ, ရှိသူမှာ,
လွန်စွာ ကြည်ညိုရပါသည်။

http://www.dhammadownload.com

၉။ အကုန်ကောင်းငြား, ထိုလူကား, လွန်ရှားလှပါသည်။
၁၀။ သူမှာလည်း လို, ကိုယ့်လည်း လို,
အလိုတွေသာ များလှသည်။
၁၁။ ကိုယ် လိုတာ ရှိ, ကိုယ်တိုင် သိ,
ပြင်သည့်သူ တော်သည်။
၁၂။ မသိ မပြင်, လူကောင်းတွင်, ပါဝင်ဖို့ ခက်မည်။
၁၃။ သိကာ ပြင်မှ, လိုတာက, ပြည့်ဝလာပါမည်။
၁၄။ ပြည့်အောင် ပြင်မှ, လူဘဝ, အရတော်ပါမည်။
၁၅။ ပြည့်အောင် ပြင်မှ, လူဘဝ, လှပလာပေသည်။
၁၆။ ပြည့်အောင် ပြင်မှ, လူဘဝ, အားရဖွယ် ဖြစ်သည်။
၁၇။ ပြည့်အောင် ပြင်မှ, အများက, ချစ်ကြ ခင်ကြမည်။
၁၈။ ပြည့်အောင် ပြင်မှ, အများက, အားရကျေနပ်မည်။

❐

အခန့်

၁။ ကောင်းမှုကိုသာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၂။ မကောင်းမှုသာ, စုသူဟာ, ရောက်ပါ ငရဲပြည်။
၃။ သူ့သက်သတ်တာ, စုသူဟာ, ရောက်ပါ ငရဲပြည်။
၄။ သူ့ဟာခိုးတာ, စုသူဟာ, ရောက်ပါ ငရဲပြည်။

http://www.dhammadownload.com

၅။ ကာမဖောက်တာ, စုသူဟာ, ရောက်ပါ ငရဲပြည်။
၆။ လိမ်ညာပြောတာ, စုသူဟာ, ရောက်ပါ ငရဲပြည်။
၇။ ကောက်ကျစ်တာသာ, စုသူဟာ, ရောက်ပါ ငရဲပြည်။
၈။ လှည့်ပတ်တာသာ, စုသူဟာ, ရောက်ပါ ငရဲပြည်။
၉။ သေရည်သောက်တာ, စုသူဟာ, ရောက်ပါ ငရဲပြည်။
၁၀။ အရက်သောက်တာ, စုသူဟာ, ရောက်ပါ ငရဲပြည်။
၁၁။ မူးယစ်သုံးတာ, စုသူဟာ, ရောက်ပါ ငရဲပြည်။
၁၂။ မသတ်ဖြတ်တာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၁၃။ မခိုးယူတာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၁၄။ ကာမမဖောက်တာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၁၅။ လိမ် မပြောတာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၁၆။ မကောက်ကျစ်တာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၁၇။ မလှည့်ပတ်တာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၁၈။ သေရည်ရှောင်တာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၁၉။ အရက်ရှောင်တာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၂၀။ မူးယစ်ရှောင်တာ, စုသူဟာ, ရောက်ပါ လူနတ်ပြည်။
၂၁။ များပြားကောင်းမှု, များများ စု,
ထိုလူဘဝ မြင့်မြတ်သည်။
၂၂။ များပြားကောင်းမှု, များများ စု,
ထိုလူဘဝ ကောင်းလှသည်။
၂၃။ များပြားကောင်းမှု, များများ စု, ထိုလူဘဝ ရတော်သည်။

http://www.dhammadownload.com

၂၄။ မျှား မကောင်းမှု, မျှားမျှား စု, ထိုလူဘဝ ရဆိုးသည်။
၂၅။ မျှား မကောင်းမှု, မျှားမျှား စု, ထိုလူဘဝ ယုတ်နိမ့်သည်။
၂၆။ မျှား မကောင်းမှု, မျှားမျှား စု, ထိုလူဘဝ ယုတ်ညံ့သည်။

❐

အား

၁။ နေ့သစ်အစ, စိတ်အားက, ပြည့်ဝနေပါသည်။
၂။ နေ့သစ်အစ, ရုပ်အားက, ပြည့်ဝနေပါသည်။
၃။ အင်အားပြည့်ဝ, တွေးကြံဆ, ကောင်းလှပါပေသည်။
၄။ အင်အားပြည့်ဝ, တွေးကြံဆ, စူးရှပါပေသည်။
၅။ အင်အားပြည့်ဝ, တွေးကြံဆ, တောက်ပပါပေသည်။
၆။ အင်အားပြည့်ဝ, တွေးကြံဆ, ရွှင်ပျနေပါသည်။

❐

http://www.dhammadownload.com

ကျန်းမာရေး

၁။ မီလျံနာဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၂။ ဘီလျံနာဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၃။ သူဌေးကြီးဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၄။ သမ္မတကြီးဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၅။ ဝန်ကြီးချုပ်ဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၆။ ဗိုလ်ချုပ်ကြီးဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၇။ အာဏာရှိဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၈။ ဆရာဝန်ကြီးဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၉။ ပါမောက္ခကြီးဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၁၀။ ပညာရှိဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၁၁။ နာမည်ကျော်ဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၁၂။ အောင်မြင်သူဟာ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၁၃။ သိုင်းဝိုင်းကောင်းပါ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၁၄။ ဂုဏ်သိရှိရှိပါ, မကျန်းမာ, သူဟာ မစွမ်းပြီ။
၁၅။ မကျန်းမာက, မှုကိစ္စ, ဘာမှ မစွမ်းပြီ။
၁၆။ ထမင်းကိုပင်, မစားချင်, ကျန်တွင် ပြောဖို့ မလိုပြီ။
၁၇။ မကျန်းမာရင်, ရာရာတွင်, အောင်မြင် မရှိပြီ။
၁၈။ ကျန်းမာမှသာ, အရာရာ, လုပ်တာ အောင်မြင်သည်။
၁၉။ အောင်မြင်ဖို့ရေး, ကျန်းမာရေး, အရေးကြီးလှသည်။
၂၀။ ပိုင်တာတွေထဲမှာ, ကိုယ်ကျန်းမာ,
ပိုင်တာ ကောင်းဆုံး ဖြစ်ပါသည်။

❐

http://www.dhammadownload.com

လူကြီးသဘာဝ

၁။ ပြောချင်တိုင်းပ, မပြောရ, မျိုရ သိပ်ရသည်။
၂။ ပြောချင်တိုင်းပ, မပြောရ, ချင့်ရ ချိန်ရသည်။
၃။ မပြောချင်လည်း မရ, လိုလာက, ပြောရ ဆိုရသည်။
၄။ မပြောပါက, ဆိုးကျိုးက, မုချ ဆိုက်လာမည်။
၅။ ခေါင်းဆောင်တွေတွင်, ဒီလိုပင်, အစဉ် တွေ့ရသည်။
၆။ လူကြီး လုပ်ရင်, ဒီလိုပင်, အစဉ် တွေ့ရသည်။
၇။ ခေါင်းဆောင်သဘာဝ, ခေါင်းဆောင်မှ,
သိရပါပေသည်။
၈။ လူကြီးသဘာဝ, လူကြီးမှ, သိရပါလေသည်။

❐

ကျန်သင့်သည်

၁။ သင်ကား နောင်ခါ, တစ်နေ့မှာ, သေကာ သွားပေမည်။
၂။ သင့်စကားကား, လောကအား,
ကျိုးများ ကျန်သင့်သည်။
၃။ သင့်လုပ်ရပ်ကား, လောကအား,
ကျိုးများ ကျန်သင့်သည်။

http://www.dhammadownload.com

၄။ သင့်စိတ်ထားကား, လောကအား,
ကျိုးများ ကျန်သင့်သည်။
၅။ သင့်အတွေးကား, လောကအား,
ကျိုးများ ကျန်သင့်သည်။
၆။ သင့်မြော်မြင်ကား, လောကအား,
ကျိုးများ ကျန်သင့်သည်။
၇။ လောကကျိုးများ, စကားများ, များများ ပြောသင့်သည်။
၈။ လောကကျိုးများ, လုပ်ရပ်များ, များများ လုပ်သင့်သည်။
၉။ လောကကျိုးများ, စိတ်ထားများ,
များများ ထားသင့်သည်။
၁၀။ လောကကျိုးများ, အတွေးများ,
များများ တွေးသင့်သည်။
၁၁။ လောကကျိုးများ, မြော်မြင်များ, များများ ရှိသင့်သည်။

❐

http://www.dhammadownload.com

အမှန်အတိုင်း

၁။ ကိုယ့်ပြစ် ဖုံးချင်, သူများတွင်, ပြစ်တင်နေတတ်သည်။
၂။ ကိုယ့်ပြစ် ဖုံးချင်, သူများတွင်, ပြစ်မြင်နေတတ်သည်။
၃။ ကိုယ့်ပြစ်ကြီးကား, သေးသေးမွှား,
လူများ ထင်ကြသည်။
၄။ ကိုယ့်ပြစ်ကြီးကား, သေးသေးမွှား,
လူများ ပြောကြသည်။
၅။ သူ့ပြစ်လေးကား, ကြီးကြီးမား, လူများ ထင်ကြသည်။
၆။ သူ့ပြစ်လေးကား, ကြီးကြီးမား, လူများ ပြောကြသည်။
၇။ ကိုယ့်အပြစ်တွင်, မှန်တိုင်း မြင်, ပြုပြင်သင့်ပါသည်။
၈။ သူ့အပြစ်တွင်, မှန်တိုင်းပင်, ရှုမြင်သင့်ပါသည်။

❐

ရေတွက် + ရည်သွေး

၁။ ရေတွက် များပြား, ရည်သွေးကား,
လျော့ပါးနေပါသည်။
၂။ ရေတွက် နည်းပါး, ရည်သွေးကား, တိုးပွားနေပါသည်။
၃။ အရေတွက်ပါ, ရည်သွေးပါ, နှစ်ဖြာ တိုးနေသည်။
၄။ အရေတွက်ပါ, ရည်သွေးပါ, နှစ်ဖြာ ယုတ်လျော့သည်။

http://www.dhammadownload.com

၅။ အဖွဲ့စည်းမှာ, ဤသို့သာ, (၄) ဖြာ ရှိပါသည်။
၆။ အရည်သွေးဟာ, အမြဲသာ, တိုးကာ နေရမည်။
၇။ အရည်သွေးပါ, ရေတွက်ပါ, တိုးလာ ပိုကောင်းသည်။

❐

အံ့ဖွယ်လူ

၁။ သူတစ်ပါးအား, ပြစ်ပြောငြား, နှစ်စား တွေ့နိုင်သည်။
၂။ မတုံ့ဘူး ထင်, တုံ့ပြန်ရင်, ကိုယ်ပင် အံ့ရသည်။
၃။ တုံ့ပြန်မယ် ထင်, မတုံ့ရင်, ကိုယ်ပင် အံ့ရသည်။
၄။ အံ့ဖွယ်လူသား, နှစ်မျိုးစား, သင်ကား တွေ့နိုင်သည်။

❐

အကြွား

၁။ ကိုယ့်လုပ်ရပ်တွင်, အောင်မြင်ရင်,
ကြွားချင်နေတတ်သည်။
၂။ ကိုယ့်လုပ်ရပ်ကား, အောင်မြင်ငြား,
အကြွား ကင်းသင့်သည်။

http://www.dhammadownload.com

၃။ ကိုယ့်လုပ်ရပ်တွင်, တိုးတက်ရင်,
ကြွားချင်နေတတ်သည်။
၄။ ကိုယ့်လုပ်ရပ်ကား, တိုးတက်ငြား,
အကြွား ကင်းသင့်သည်။
၅။ ကိုယ့်နေရာတွင်, အောင်မြင်ရင်,
ကြွားချင်နေတတ်သည်။
၆။ ကိုယ့်နေရာကား, အောင်မြင်ငြား,
အကြွား ကင်းသင့်သည်။
၇။ ကိုယ့်နေရာတွင်, တိုးတက်ရင်,
ကြွားချင်နေတတ်သည်။
၈။ ကိုယ့်နေရာကား, တိုးတက်ငြား,
အကြွား ကင်းသင့်သည်။
၉။ ကိုယ့်မြို့ရွာတွင်, အောင်မြင်ရင်,
ကြွားချင်နေတတ်သည်။
၁၀။ ကိုယ့်မြို့ရွာကား, အောင်မြင်ငြား,
အကြွား ကင်းသင့်သည်။
၁၁။ ကိုယ့်မြို့ရွာတွင်, တိုးတက်ရင်,
ကြွားချင်နေတတ်သည်။
၁၂။ ကိုယ့်မြို့ရွာကား, တိုးတက်ငြား,
အကြွား ကင်းသင့်သည်။

http://www.dhammadownload.com

၁၃။ ကိုယ့်နိုင်ငံတွင်, အောင်မြင်ရင်,
ကြွားချင်နေတတ်သည်။
၁၄။ ကိုယ့်နိုင်ငံကား, အောင်မြင်ငြား,
အကြွား ကင်းသင့်သည်။
၁၅။ ကိုယ့်နိုင်ငံတွင်, တိုးတက်ရင်,
ကြွားချင်နေတတ်သည်။
၁၆။ ကိုယ့်နိုင်ငံကား, တိုးတက်ငြား,
အကြွား ကင်းသင့်သည်။
၁၇။ ကြွားတတ်သူဟာ, ချိုးမွမ်းတာ,
မျှော်ကာ နေတတ်သည်။
၁၈။ ကြွားတတ်သူဟာ, ချိုးမွမ်းတာ,
လွန်စွာ ဆာလောင်သည်။
၁၉။ ကြွားတတ်သူအား, ချိုးမွမ်းငြား, တအား ကျေနပ်သည်။
၂၀။ ကြွားနိုင်သော်ငြား, သူ မကြွား, သူကား တော်လှသည်။
၂၁။ ကြွားနိုင်သော်ငြား, သူ မကြွား, လေးစားထိုက်ပါသည်။
၂၂။ ကြွားနိုင်သော်ငြား, သူ မကြွား, တုမျှား ယူထိုက်သည်။

❐

http://www.dhammadownload.com

မြပြင်ပေးဖို့

၁။ အပြစ် တွေ့ရင်, ပြစ်မတင်, ပြုပြင်ပေးဖို့ တွေးရသည်။
၂။ ကြောင်းကျိုးပြကာ, အခါခါ, ပြုကာ ပြင်ရသည်။
၃။ အကြမ်း-အနု, ရောနှစ်ခု, အမှုကြည့်ကာ သုံးရသည်။
၄။ အမှုကြည့်ကာ, ကြမ်းသင့်ရာ, ကြမ်းကာ ပေးရသည်။
၅။ အမှုကြည့်ကာ, နုသင့်ရာ, နုကာ ပေးရသည်။
၆။ အမှုကြည့်ကာ, ကြမ်း-နုပါ, ရောကာ သုံးရသည်။

❐

သူ့လိုစိတ်ထား

၁။ ဒေါသထွက်စရာ, ကြုံတွဲ့ခါ, သူမှာ မထွက်ပြီ။
၂။ လောဘမက်စရာ, ကြုံတွဲ့ခါ, သူမှာ မမက်ပြီ။
၃။ မာန်တက်စရာ, ကြုံတွဲ့ခါ, သူမှာ မတက်ပြီ။
၄။ ကျွဿာဖြစ်စရာ, ကြုံတွဲ့ခါ, သူမှာ မဖြစ်ပြီ။
၅။ သောကဖြစ်စရာ, ကြုံတွဲ့ခါ, သူမှာ မဖြစ်ပြီ။
၆။ ဝန်တိုစရာ, ကြုံတွဲ့ခါ, သူမှာ မတိုပြီ။
၇။ ငိုကြွေးစရာ, ကြုံတွဲ့ခါ, သူမှာ မငိုပြီ။
၈။ စိတ်ဓာတ်ကျစရာ, ကြုံတွဲ့ခါ, သူမှာ မကျပြီ။
၉။ စိတ်ညစ်စရာ, ကြုံတွဲ့ခါ, သူမှာ မညစ်ပြီ။

http://www.dhammadownload.com

၁၀။ စိတ်ပျက်စရာ, ကြုံတွဲ့ခါ, သူမှာ မပျက်ပြီ။
၁၁။ စိတ်အားငယ်စရာ, ကြုံတွဲ့ခါ, သူမှာ မငယ်ပြီ။
၁၂။ စိတ်ကြွစရာ, ကြုံတွဲ့ခါ, သူမှာ မကြွပြီ။
၁၃။ ပြစ်ပြောစရာ, ကြုံတွဲ့ခါ, သူဟာ မပြောပြီ။
၁၄။ နှိမ်ပြောစရာ, ကြုံတွဲ့ခါ, သူဟာ မနှိမ်ပြီ။
၁၅။ ချိုးမွမ်းစရာ, ကြုံတွဲ့ခါ, သူဟာ ချိုးမွမ်းသည်။
၁၆။ ချိုးမြောက်စရာ, ကြုံတွဲ့ခါ, သူဟာ ချိုးမြောက်သည်။
၁၇။ ချိုးမြှင့်စရာ, ကြုံတွဲ့ခါ, သူဟာ ချိုးမြှင့်သည်။
၁၈။ သူ့ရဲ့စိတ်ထား, လွန်မြင့်မား, လေးစားရပါသည်။
၁၉။ သူ့လိုစိတ်ထား, ပိုင်ဖို့ကား, ကြိုးစားရပေမည်။
၂၀။ ကြိုးစားပေးရင်, ဖြည်းဖြည်းပင်,
ကိုယ့်တွင် ပိုင်လာမည်။

❐

မြေကြီး

၁။ ကိုယ့်ကို လေးစား, ထိုသူအား,
ကိုယ်ကား နှစ်ခြိုက်သည်။
၂။ ကိုယ့် မလေးစား, ထိုသူအား, ကိုယ်ကား မကြိုက်ပြီ။
၃။ မလေးစားရော, လေးစားရော, သဘောတူရသည်။

http://www.dhammadownload.com

၄။ မြေကြီးပေါ်တွင်, မသန့်စင်,
သန့်စင်တာလည်း ထားကြသည်။
၅။ မြေကြီးသည်ကား, နှစ်မျိုးအား, နေထား တူညီသည်။
၆။ မြေကြီးအသွင်, ဖြစ်နိုင်ရင်, မှန်ပင် ကောင်းပါသည်။
၇။ မြေကြီးလိုပင်, ဖြစ်နိုင်ရင်, မှန်ပင် ကောင်းပါသည်။

❐

လင့်ဝတ္ထုများ (၅) ပါး

၁။ ချီးမွမ်းစကား (ချစ်ဖွယ်စကား), ဇနီးအား,
ပြောကြားပေးရသည်။
၂။ ရှုတ်ချစကား (မမြတ်နိုးစကား), ဇနီးအား,
ရှောင်ရှားပြောရသည်။
၃။ ခြားမိန်းမအား, ချစ်လင်ကား, ဖောက်ပြား ရှောင်ရသည်။
၄။ မီးဖိုမှာကား, လုပ်ခွင့်များ, မယား ပေးရသည်။
၅။ စီးပွားကြည့်ကာ, ဇနီးမှာ, တန်ဆာ ဆင်ရသည်။
၆။ ဤသည့်ငါးပါး, မယားအား, လင်သား ပြုရသည်။
(ပါထိက၊ ၁၅၄)

❐

http://www.dhammadownload.com

မယားဝတ္တရား (၅) ပါး

၁။ စားစာကိစ္စ, ကောင်းစွာပ, ပြုရပါပေသည်။
၂။ လင်ရဲ့ဆွေမျိုး, ကိုယ့်ဆွေမျိုး, ပေးရိုး ရှိရသည်။
ပိယဝါစာ, ဆွေနှစ်ဖြာ, ပြောကာ ပေးရသည်။
၃။ ကိုယ့်လင်မှတစ်ပါး, ခြားယောကျ်ား,
ဖောက်ပြားကင်းရသည်။
၄။ လင် ရှာဖွေထား, ဥစ္စာများ, မယား စောင့်ရှောက်သည်။
၅။ အိမ်ရှင်မ ကိစ္စ, ကျွမ်းကျင်ရ, လုံ့လ ရှိရသည်။
၆။ ဤသည့်ငါးပါး, ကိုယ့်လင်အား, မယား ပြုရသည်။
(ပါထိက၊ ၁၅၅)

❐

မိဘဝတ္တရား (၅) ပါး

၁။ မကောင်း လုပ်ရာ, ပြစ်ငြာကာ, တားကာ ပေးရသည်။
၂။ ကောင်းတဲ့မှုများ, ပြုဖို့ကား, တွန်းအား ပေးရသည်။
၃။ သင်ယူထိုက်ပေ, ပညာတွေ, သင်စေရပါသည်။
၄။ သင့်တင့်လျော်ရာ, ရှာဖွေကာ, နေရာချရသည်။
(အိမ်ထောင်ချရသည်။)

http://www.dhammadownload.com

၅။ ပေးသင့်ချိန်မှာ, မွေဉစ္စာ, ပေးတာ လုပ်ရသည်။
၆။ သား-သမီးအား, မိဘများ, ငါးပါး လုပ်ရသည်။

(ပါထိုက၊ ၁၅၄)

❐

သား–သမီးဝတ္တရား (၅) ပါး

၁။ မိဘတွေအား, သမီး-သား, ကျွေးထားပြုစုသည်။
၂။ မိဘကိစ္စ, ပေါ်လာက, သူက ပြုလုပ်သည်။
၃။ ကိုယ့်မျိုးနွယ်လာ, ကောင်းတဲ့ဟာ,
သူဟာ စောင့်ရသည်။
၄။ မိဘဆုံးမ, လိုက်နာရ, ဒါမှ မွေထိုက်သည်။
၅။ ကွယ်လွန်သွားက, လှူအမျှ, ပေးရ ဝေရသည်။
၆။ မိဘတွေအား, သမီး-သား, ငါးပါး ပြုရသည်။

(ပါထိုက၊ ၁၅၄)

❐

http://www.dhammadownload.com

မိတ်ဆွေတွေပေါ် ပြုရမယ့် ဝတ္တရား (၅) ပါး

၁။ ပစ္စည်းလိုသူအား, ပစ္စည်းများ, ပေးသွားရပါသည်။
၂။ ချစ်ဖွယ်စကား, လိုသူအား, ပြောကြားရပါသည်။
၃။ ကျိုးရှိစကား, လိုသူအား, ပြောကြားရပါသည်။
၄။ တန်းတူထားတာ, လိုသူမှာ, ထားကာ ဆက်ဆံသည်။
၅။ ကိုယ် ပေးလိုငြား, ပစ္စည်းများ,
လွဲမှားကင်းအောင် ပေးပါသည်။
၆။ မိတ်ဆွေတွေအား, ဤငါးပါး, သင်ကား ပြုရသည်။
(ပါထိက၊ ၁၅၅)

❐

ကျေးဇူးရှင် မိတ်ဆွေအပေါ် ပြုရမယ့် ဝတ္တရား (၅) ပါး

၁။ သူ မေ့လျော့ရာ, သူ့နားမှာ, ကိုယ်ဟာ စောင့်ပေးသည်။
၂။ သူ မေ့လျော့ရာ, သူ့ဥစ္စာ, ကိုယ်ဟာ စောင့်ပေးသည်။
၃။ သူ မေ့လျော့ရာ, သူ့အိမ်လာ, ကိုယ်ဟာ စောင့်ပေးသည်။
၄။ သူ ကြောက်နေရာ, အားပေးကာ, ခိုရာ ဖြစ်ပါသည်။
၅။ သူ့ကျိုးအတွက်, ကိုယ့်အသက်, စွန့်လျက် ရှိပါသည်။

http://www.dhammadownload.com

၅။ သားစဉ်မြေးဆက်, စောင့်ရှောက်လျက်,
မပျက် ခင်မင်သည်။
၆။ ကျေးဇူးရှင်အား, ဤငါးပါး, သင်ကား ပြုရသည်။
(ပါထိက၊ ၁၅၅)

❐

ဒကာ–ဒကာမ ဝတ္တရား (၅) ပါး

၁။ ရဟန်းသံဃာမှာ, သုံးမေတ္တာ, သင်ဟာ ထားရသည်။
၂။ ကာယ-ဝစီ, မနောခို့, သုံးလီ မေတ္တာ ဖြစ်ပါသည်။
၃။ အိမ်ကို ကြွလာ, ရှိတဲ့ဟာ, ကောင်းစွာ လှူပေးသည်။
၄။ နံနက်ပိုင်းမှာ, စားအစာ, ကောင်းစွာ လှူပေးသည်။
၅။ ဒကာ-ဒကာမကား, သံဃာအား ပြုငြား ဝတ်ငါးလီ။
(ပါထိက၊ ၁၅၅)

❐

http://www.dhammadownload.com

ရဟန်းသံဃာ ဝတ္ထုရား (၆) ပါး

၁။ သူ မကောင်းတာ, လုပ်နေရာ, သံဃာ တားမြစ်သည်။
၂။ ကောင်းမှုစားစား, ပြုဖို့ကား, တအား တိုက်တွန်းသည်။
၃။ မေတ္တာစိတ်ထားကာ, သနားကာ,
ကောင်းစွာ စောင့်ရှောက်သည်။
၄။ မကြားဖူးပေ, ကြောင်းရာတွေ, ကြားစေသိစေသည်။
၅။ ကြားဖူးပြီးသား, ရှိယုံမှား, ကင်းသွားစေပါသည်။
၆။ နတ်ပြည်ရောက်ကြောင်း, လမ်းမြတ်ကောင်း,
ကောင်းကောင်း ပြောပြသည်။
၇။ သံဃာတွေကား, ဒကာအား, ပြုငြား ဝတ် (၆) လီ။

(ပါထိက၊ ၁၅၆)

❐

အလုပ်ရှင် ဝတ္ထုရား (၅) ပါး

၁။ အလုပ်သမား, သူ့အင်အား, လျော်ငြား,
အလုပ် လုပ်စေသည်။
၂။ သူ့ခြေနေ ကြည့်ကာ, စားရိက္ခာ, မှန်စွာ ပေးရသည်။
၃။ မကျန်းမာက, ပြုစုရ, လုပ်မှ နားစေသည်။
၄။ အရသာ ကောင်းတာ, ရခဲ့ပါ, ဝေကာ ပေးပါသည်။

http://www.dhammadownload.com

၅။ ချိန်ခါ သိကာ, နားစေကာ, စားစာစသည် ပေးရသည်။
၆။ အလုပ်ရှင်ကား, လုပ်သူအား, ပြုငြား ဝတ်ငါးလီ။
(ပါထိုက၊ ၁၅၅)

❐

အလုပ်သမား ဝတ္တရား (၅) ပါး

၁။ အလုပ်ရှင် အရင်, ဦးစွာပင်, အသင် ထရသည်။
၂။ အလုပ်ရှင်က, အိပ်ပြီးမှ, သင်က အိပ်ရသည်။
၃။ အလုပ်ရှင်ဟာ, ပေးတာသာ, သင်ဟာ ယူရသည်။
၄။ အလုပ်လုပ်ရာ, ပျော်ရွှင်စွာ, သေချာ လုပ်ရသည်။
၅။ အလုပ်ရှင်များ, ဂုဏ်စကား, ပြောကြားရပေသည်။
၆။ အလုပ်သမားကား, လုပ်ရှင်အား, ပြုငြားဝတ်ငါးလီ။
(ပါထိုက၊ ၁၅၅)

❐

မိတ်တု (၄) ဦး

၁။ ယူမိတ်-နှုတ်မိတ်, ချစ်ယောင်မိတ်,
မိုက်မိတ် ရှောင်ရသည်။
၂။ ဘေးရှိလမ်းလား, မိတ်တုများ, ရှောင်ရှားရပါသည်။
(ပါထိုက၊ ၁၅၂)

❐

http://www.dhammadownload.com

ယူမိတ်အဂ်ီ (၄)ပါး

၁။ လက်ချည်း လာကာ, အပြန်မှာ,
ယူကာ သွားတတ်သည်။
၂။ နည်းနည်း ပေးကာ, ကိုယ့်ထံမှာ,
များစွာ လိုချင်သည်။
၃။ သူ့ဘေး ပေါ်မှ, ကိုယ့်ကိစ္စ, သူက ဆောင်ရွက်သည်။
၄။ သူ့ကျိုးကိုသာ, ကြည့်ပြီးကာ,
သူဟာ ပေါင်းသင်းသည်။
၅။ ယူရုံ ယူပေ, ထိုမိတ်ဆွေ, မှတ်လေ မိတ်တုမည်။

(ပါထိက၊ ၁၅၁)

❐

နှုတ်မိတ်အဂ်ီ (၄)ပါး

၁။ မရှိတော့တာ, ပြောဆိုကာ,
သူဟာ လောကွတ်လုပ်ပေသည်။
၂။ မရှိသေးတာ, ပြောဆိုကာ,
သူဟာ လောကွတ်လုပ်ပေသည်။
၃။ အကျိုးမရှိတာ, ပြောဆိုကာ,
သူဟာ လောကွတ်လုပ်ပေသည်။

http://www.dhammadownload.com

၄။ ကိုယ့်ရဲ့ကိစ္စ, ကြဲ့လာက, ပြောပြ ပျက်စီးပြီ။
၅။ နှုတ်သာ ကောင်းပေ, ထိုမိတ်ဆွေ,
မှတ်လေ မိတ်တုမည်။

(ပါထိက၊ ၁၅၁)

❐

ချစ်ယောင်မိတ် အဂ်ီ (၄) ပါး

၁+၂။ မကောင်းတာရော, ကောင်းတာရော,
လိုက်လျောခွင့်ပြုသည်။
၃။ ကိုယ့်မျက်မှောက်မှာ, ကိုယ့်ဂုဏ်သာ,
သူဟာ ပြောဆိုသည်။
၄။ မျက်ကွယ်မှာကား, ကိုယ့်ပြစ်များ, ပြောကြားပါပေသည်။
၅။ ချစ်ယောင်ဆောင်ပေ, ထိုမိတ်ဆွေ,
မှတ်လေ မိတ်တုမည်။

(ပါထိက၊ ၁၅၁)

❐

http://www.dhammadownload.com

မိုက်မိတ်အင်္ဂါ (၄) ပါး

၁။ အရက်သေစာ, သောက်စားရာ,
သူဟာ အဖော်လုပ်သည်။
၂။ ချိန်ခါမဲ့မှာ, လမ်းလျှောက်ရာ,
သူဟာ အဖော်လုပ်သည်။
၃။ ပွဲသဘင်မှာ, ကြည့်ဖို့ရာ, သူဟာ အဖော်လုပ်သည်။
၄။ လောင်းကစားမှာ, လောင်းစားရာ,
သူဟာ အဖော်လုပ်သည်။
၅။ မကောင်းဖော်ဖြစ်ပေ, ထိုမိတ်ဆွေ,
မှတ်လေ မိတ်တုမည်။ (ပါထိက၊ ၁၅၂)

❐

မိတ်ကောင်း (၄) ဦး

၁။ ကျေးဇူးပြုမိတ်, ဆရာမိတ်, ညာမိတ် ရှိပါသည်။
၂။ ဆင်းရဲ-ချမ်းသာ, တူ မကွာ,
မိတ်ဟာ တစ်မျိုး ဖြစ်ပါသည်။
၃။ ထိုမိတ် (၄) ပါး, လေးလေးစား, ပေါင်းထားရပါသည်။
၄။ ကိုယ့်သားလေးအား, မိခင်ကား,
ပေါင်းထားသလို ဖြစ်သည်။ (ပါထိက၊ ၁၅၃)

❐

http://www.dhammadownload.com

ကျေးဇူးပြုမိတ်အင်္ဂါ (၄) ပါး

၁။ ကိုယ် အရက်မူးရာ (ကိုယ် မေ့လျော့ရာ),
ကိုယ့်နားလာ, သူဟာ စောင့်ပေးသည်။
၂။ ကိုယ် အရက်မူးရာ (ကိုယ် မေ့လျော့ရာ), ကိုယ့်ဥစ္စာ,
သူဟာ စောင့်ပေးသည်။
၃။ ကိုယ် အရက်မူးရာ (ကိုယ် မေ့လျော့ရာ),
ကိုယ့်အိမ်လာ, သူဟာ စောင့်ပေးသည်။
၄။ ကိုယ် ကြောက်နေရာ, အားပေးကာ, ခိုရာ ဖြစ်ပါသည်။
၅။ လိုတာထက် ပို, နှစ်ဆကို, မလိုရအောင် ပေးပါသည်။
၆။ ကျေးဇူးပြုငြား, ထိုမိတ်အား, သင်ကား ပေါင်းရသည်။
(ပါထိ က၊ ၁၅၂)

❐

ချမ်းသာဆင်းရဲအတူ မိတ်အင်္ဂါ (၄) ပါး

၁။ သူ့လျှို့ဝှက်တာ, ရှိခဲ့ပါ, ကိုယ့်မှာ ပြောပြသည်။
၂။ ကိုယ့်လျှို့ဝှက်စရာ, ရှိတဲ့ခါ, သူဟာ ဝှက်ပေးသည်။
၃။ ကိုယ့်မှာ ဒုက္ခ, ကြုံလာက, သူက မစွန့်ပြီ။
၄။ ကိုယ့်အကျိုးတွက်, သူ့အသက်, စွန့်လျက် ရှိပါသည်။
၅။ ဆင်းရဲချမ်းသာ, တူမိတ်မှာ, သင်ဟာ ပေါင်းရသည်။
(ပါထိ က၊ ၁၅၂)

❐

http://www.dhammadownload.com

ဆရာမိတ်အင်္ဂါ (၄)ပါး

၁။ ကိုယ် မကောင်းတာ, လုပ်နေရာ,
သူဟာ တားမြစ်သည်။
၂။ ကောင်းမှု အစားစား, လုပ်ဖို့ကား,
တအား တိုက်တွန်းသည်။
၃။ မကြားဖူးပေ, ကြောင်းရာတွေ, သူလေ ကြားစေသည်။
၄။ နတ်ပြည်ရောက်ကြောင်း, လမ်းမြတ်ကောင်း,
ကောင်းကောင်း ပြောပြသည်။
၅။ ကိုယ့်ကျိုးလိုလား, ဆရာလား, မိတ်အား ပေါင်းရသည်။
(ပါထိက၊ ၁၅၃)

❐

ညာမိတ်အင်္ဂါ (၄)ပါး

၁။ ကိုယ် မပြည့်စုံတာ, ကြား-တွေ့ရာ,
သူဟာ ဝမ်းနည်းသည်။
၂။ ကိုယ် ပြည့်စုံတာ, ကြား-တွေ့ရာ, သူဟာ ဝမ်းသာသည်။
၃။ ကိုယ့်ပြစ် သူများ, ပြောနေငြား, သူကား တားမြစ်သည်။
၄။ ကိုယ့်ဂုဏ် သူများ, ပြောနေငြား, သူကား ချီးမွမ်းသည်။
၅။ ညာတာသနား, ထိုမိတ်အား, သင်ကား ပေါင်းရသည်။
(ပါထိက၊ ၁၅၃)

❐

http://www.dhammadownload.com

ပျားနဲခြေ

၁။ ပျား-ခြေပမာ, ဥစ္စာမှာ, ရှာကာ စုဆောင်းသည်။
၂။ ပန်းဆင်း-နံ့မှာ, မထိပါ, စုပ်ပါ ပန်းဝတ်ရည်။
၃။ ဖြည်းဖြည်း စုရာ, ပျားအုံဟာ,
လှည်းမှာ ဘီးလောက် ရှိလာသည်။
၄။ ဖြည်းဖြည်း ခြဟာ, စုလိုက်ရာ, ဖြစ်လာ တောင်ပို့သည်။
၅။ ပျား-ခြလိုပင်, စုပါလျှင်, မှန်ပင် ချမ်းသာမည်။

(ပါထိုက၊ ၁၅၃)

❐

(၄)ပုံ ပုံပါ

၁။ ကိုယ့်ဥစ္စာတွေ, (၄) ပုံပေ, ခွဲလေ ပုံရသည်။
၂။ တစ်ပုံ သုံးရ, နှစ်ပုံက, လုပ်ရ လုပ်ငန်းအလီလီ။
၃။ နောက်ဆုံးပုံကား, သိမ်းဆည်းထား,
ဘေးများ ပေါ်က သုံးရမည်။
၄။ သုံးစရာပုံမှ, ကုသလ, ပြုရပါပေသည်။
၅။ သုံးစရာပုံမှ, လှူဒါန, လှူရပါပေသည်။

(ပါထိုက၊ ၁၅၃)

❐

http://www.dhammadownload.com

ဥစ္စာပျက်ကြောင်း (၆) ပါး

၁။ အရက်သေရည်, ဘိန်းစသည်, လီလီ စားသုံးသည်။
၂။ အခိုန်မတော်မှ, လမ်းထွက်စွ, သူက ပြုလုပ်သည်။
၃။ ပွဲသဘင်ဝယ်, လျှောက်လှည့်လယ်,
တကယ် သူ လုပ်သည်။
၄။ အလောင်းအစား, အက စား, သူကား ပြုလုပ်သည်။
၅။ မိတ်မကောင်းတွေ, ပေါင်းသင်းပေ, သူလေ ပြုလုပ်သည်။
၆။ ပျင်းရိစိတ်ထား, လွန်များပြား, သူ့အား ရှိနေသည်။
၇။ ဤသည့် (၆) ပါး, ဥစ္စာများ, ပျက်ပြားစေပါသည်။

(ပါထိက၊ ၁၄၈)

❐

ချိန်ခါမဲ့ သွားခြင်း အပြစ် (၆) ပါး

၁။ မိမိကိုယ်မှ, လုံအောင်ပ, သူက မစောင့်ပြီ။
၂။ ကိုယ့်သားမယား, လုံအောင်ကား, စောင့်ငြား ကင်းမဲ့ပြီ။
၃။ ကိုယ့်ပစ္စည်းများ, လုံခြုံအား, ကင်းသွားစေပါသည်။
၄။ သူများ မကောင်းရင်, သူ့ပေါ်တွင်, အထင်ခံရသည်။
၅။ စွပ်စွဲစကား, သူ့ထံပါး, ရောက်သွားတတ်ပါသည်။
၆။ ဒုက္ခများစွာ, ရောက်ဖို့ရာ, ကြောင်းဟာ ဖြစ်နေသည်။
၇။ ဤသည့် (၆) ပါး, ဥစ္စာများ, ပျက်ပြားစေပါသည်။

(ပါထိက၊ ၁၄၈)

❐

http://www.dhammadownload.com

သေချည်အရက် သောက်ခြင်း အပြစ် (၄) ပါး

၁။ ဥစ္စာလျော့ပါး, ခိုက်ရန်ပွား, နာဖျား ထူပြောသည်။
၂။ ခုရော နောင်ပါ, ဂုဏ်ရှိန်ဝါ,
ကျကာ ပျောက်ကွယ်သည်။
၃။ သူ့အင်္ဂါဇာတ်, ဖော်ပြတတ်,
အတတ်ပညာ နည်းစေသည်။
၄။ အရက်သောက်စား, အပြစ်များ, ခြောက်ပါး ရှိပါသည်။
(ပါထိုက၊ ၁၄၈)

❐

ပွဲလမ်းသဘင်သွားခြင်း အပြစ် (၄) ပါး

၁။ ဘယ်မှာ ကပွဲ, သီဆိုပွဲ, တီးပွဲ ရှိသနည်း။
၂။ ကွက်စိပ်ပြောပွဲ, လက်ခုပ်ပွဲ, ဆိုင်းပွဲ ရှိသနည်း။
၃။ ထိုသို့ မေးကာ, ပွဲတွေ့ ရှာ, သွားရာ လုပ်ပျက်သည်။
၄။ အလုပ်ပျက်ပြား, ဥစ္စာများ, ပျက်ပြားစေပါသည်။
(ပါထိုက၊ ၁၄၈)

❐

http://www.dhammadownload.com

အလောင်းအစား အပြစ် (၆) ပါး

၁။ လောင်းစားသမား, အောင်နိုင်သွား,
ရန်ပွားတတ်ပါသည်။
၂။ ရှုံးသူ စီးပွား, ပျက်စီးသွား, သူကား ဝမ်းနည်းသည်။
၃။ လက်တွေ့အရမှာ, သူဥစ္စာ, ကုန်ကာ သွားပါသည်။
၄။ တရားရုံး သွား, သူစကား, လေးစားကင်းမဲ့သည်။
၅။ မိတ်ဆွေတွေက, ပြောမရ, ရှောင်ကြ ခွာကြသည်။
၆။ သား-သမီးမှာ, မင်္ဂလာ, ဆောင်တာ ရှောင်ကြသည်။
၇။ အလောင်းအစား, အပြစ်ကား, (၆) ပါး ရှိပါသည်။

(ပါထိုက၊ ၁၄၉)

❐

ရှောင်ရမည့်သူ (၆)ဦး

၁။ ကြွေအန်လောင်းကစား, ပြုသူအား,
ရှောင်ရှားရပါသည်။
၂။ မိန်းမလိုက်စား, ထိုသူအား, ရှောင်ရှားရပါသည်။
၃။ အရက်သောက်စား, ထိုသူအား, ရှောင်ရှားရပါသည်။
၄။ တုယောင်နဲ့သာ, လှည့်သူမှာ, ရှောင်ခွာရပါသည်။
၅။ တိုက်ရိုက်လှည့်စား, ထိုသူအား, ရှောင်ရှားရပါသည်။
၆။ နှိပ်စက်သတ်ငြား, ထိုသူအား, ရှောင်ရှားရပါသည်။

(ပါထိုက၊ ၁၄၉)

❐

http://www.dhammadownload.com

ပျင်းရိခြင်း အပြစ် (၆) ပါး

၁။ အလွန်အေးပေ, လွန်ပူပေ, သူလေ လုပ်ပျင်းသည်။
၂။ လွန်မိုးချုပ်ပေ, စောသေးပေ, သူလေ လုပ်ပျင်းသည်။
၃။ အလွန်ဆာပေ, ဗိုက်တင်းနေ, သူလေ လုပ်ပျင်းသည်။
၄။ အပျင်းသမား, ဥစ္စာများ, ရငြား မရှိပြီ။
၅။ အပျင်းသမား, ဥစ္စာများ, ပျက်ပြား ဆုံးရှုံးသည်။

(ပါထိက၊ ၁၄၉)

❐

သာမဏေကျော်

သာမဏေကျော်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊
လှော်ကားဥယျာဉ်အနီး၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
၁၃၇၀-ပြည့်၊ ဝါဆိုလဆန်း (၂၁) ရက်
(၄-၇-၂၀၀၈)

http://www.dhammadownload.com



သာဓုခေါ်ပါလေ

- ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။
- စာအုပ်လှူရာ, ပညာပါ, လှူရာ ရောက်ပါပေ။
- ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာ တည်ပါစေ။
- ဤသို့ ရည်မှန်း, ငါ လှူဒါန်း, ရွှင်လန်း သာဓု ခေါ်ပါလေ။



၁။ ကိုမျိုးခိုင်ကို ရည်စူး၍ ကျန်ရစ်သည့် မောင်နှမတစ်စု
အမှတ်(၃၄/A)၊ အင်းယားမြို့ငယ်လမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊ဗဟန်း။ ၁,၅၀၀,၀၀၀/-

၂။ Sukhavati (Korea, Seoul) ၆၈၇,၅၀၀/-

၃။ ကိုစိန်ကျော်နှင့် မောင်နှမတစ်စု၊
ဘုရင့်နောင်ပွဲရုံ။ ၃၅၀,၀၀၀/-

၄။ ဦးခင်ဇော်–ဒေါ်စန်းစန်းအေးမိသားစု။ ၃၀၀,၀၀၀/-

၅။ မခင်ညွှန့်လွင်(၁)မဖြူ၊ မန္တလေးမြို့။ ၃၀၀,၀၀၀/-

၆။ ကိုတိုးတိုး(၁)ကိုသန်းထွဋ် – မခင်ဝင်းရီ၊
သမီး – ယွမ်ယွမ်း၊ ဝမ်ဝမ်း။ ၂၀၀,၀၀၀/-

၇။ ကိုရဲ၊ ရွှေမဟာအထွေထွေရောင်းဝယ်ရေး၊
အမှတ်(၈၇)၊ ကုန်စျေးတန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၂၀၀,၀၀၀/-

၈။ ကိုကျော်ကျော်+မသီတာထွန်း
သမီးကြည်ဖြူခင်မိသားစု
အမှတ်(ဃ/၂)၊ အောင်သပြေလမ်းဘုရင့်နောင်ပွဲရုံ ၂၀၀,၀၀၀/-

၉။ ကိုကြည်လင်မိသားစု၊ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀/-

http://www.dhammadownload.com

ဆရာတော် သာမဏေကျော်၏ စာအုပ်များ

၁။ ကြီးပွားချမ်းသာမယ်
၂။ ဆွမ်းအလှူ
၃။ ကျောင်းအလှူ
၄။ ဗုဒ္ဓသမီးထံသို့
၅။ ဝါဆိုနှင့်ကထိန် (ဒုတိယအကြိမ်)
၆။ ကိုရင်ဝတ်ပြီးရင်
၇။ ဗုဒ္ဓ၏ တစ်နေ့တာ လုပ်ငန်းစဉ်
၈။ တောင်ကိုရီးယားသို့ဝိပဿနာခရီး
၉။ ကိုရင်လေးတို့ ဖတ်ဖို့
၁၀။ ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ
(ဒုတိယအကြိမ်)
၁၁။ တရား ဘယ်လို ရှုမှတ်ရမလဲ (ဒုတိယအကြိမ်)
၁၂။ ဗုဒ္ဓသာသနာကွယ်ချိန်
၁၃။ ဗုဒ္ဓပေးခဲ့တဲ့ယဉ်ကျေးမှုအမွေ (ဒုတိယအကြိမ်)
၁၄။ အတုယူဖွယ်ရာ စိတ်ထားများ (ဒုတိယအကြိမ်)
၁၅။ ပန်းလေးတစ်ပွင့်
၁၆။ ကျောင်းသစ်၏ အရာထမ်ဦး
၁၇။ ဗုဒ္ဓသာသနာဝင်တို့ သိဖို့ လိုသည်(ဒုတိယအကြိမ်)

http://www.dhammadownload.com

၁၈။ ရဟန်းနှင့် စည်းကမ်း
၁၉။ အိတ်ဆောင် ဝိပဿနာ
၂၀။ လက်စွဲ ဝိပဿနာ
၂၁။ မြန်မာတွေအတွက် မြန်မာပရိတ်ကြီး
၂၂။ ဘုရားဂုဏ်တော်နှင့်မဟာစည်ဆရာတော်
၂၃။ သောကမီးအတွက်ရေ (ဒုတိယအကြိမ်)
၂၄။ရွှေလား အမှိုက်လား

ယခု

လူ့လက်စွဲ

ဆက်လက်ထုတ်ဝေမည့်
ဆရာတော်သာမဏေကျော်၏စာအုပ်များ

၁။ ဥပုသ်သည်
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၄၇၁၀၀၈
၂။ ယောဂီ
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၁၈၀၉၀၈
၃။ ပန်းခင်းလမ်းအတွက် ပန်းလေးများ
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၁၉၀၀၃၀၈

http://www.dhammadownload.com

၁၀။ ကိုမောင်မောင်+မစန်းနု၊ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀/-

၁၁။ ဦးလှမြင့်-ဒေါ်တင်တင်အေး၊
သား-ဟိန်းစည်၊သမီး-ကေရီမိသားစု၊ပြင်ဦးလွင်။ ၁၃၀,၀၀၀/-

၁၂။ မသုဘဒ္ဒါ၊ မဝိဇယာ၊ ကိုရီးယား။ ၁၁၅,၅၀၀/-

၁၃။ ကိုမောင်မောင်+မစန်းနု
အမှတ်(၁၆၁)၊ ထီးတန်းဈေးလမ်း၊ ၁၀၀,၀၀၀/-

၁၄။ ကောင်းသီဟ၊ မင်းသီဟ၊ မေဦးခိုင် မောင်နှမများ၊
အမှတ်(၅)၊ ငွေပြည်သာ၊ သဃ်နိုးကျွန်း။ ၁၁၁,၀၀၀/-

၁၅။ အရှင်သံဝရာလင်္ကာရ၊ ဓမ္မပိယာဆရာတော်၊
သဃ်နိုးကျွန်း၊ ရန်ကုန်မြို့။ ၁၀၀,၀၀၀/-

၁၆။ အရှင်နန္ဒသီရီ ပဏ္ဍိတာရာမရွှေတောင်ကုန်း
သာသနာ့ရိပ်သာ၊မော်လမြိုင်။ ၁၀၀,၀၀၀/-

၁၇။ ကိုမျိုးအောင်-မစန်းစန်းဝင်း မိသားစု၊
(၅၃)ကမ်းနားလမ်း၊ ပုသိမ်မြို့။ ၁၀၀,၀၀၀/-

၁၈။ ဦးအောင်ထွန်း-ဒေါ်မြင့်မြင့်အေး၊
သား - ကျော်ကျော်ထွန်း၊ ဟန်လင်းအောင်၊
သမီး-မသဇင်အောင်၊ တောင်ကြီးမြို့။ ၁၀၀,၀၀၀/-

၁၉။ ဦးအောင်သန်း+ဒေါ်ဝေ၊ ဒေါ်နန္ဒဝေ၊
ဒေါ်အေးအေးလွင်၊ဒေါ်ခင်လေးဝင်း၊တောင်ကြီးမြို့။ ၁၀၀,၀၀၀/-

၂၀။ ဦးစိမ်း မိသားစု။ ၁၀၀,၀၀၀/-

၂၁။ ဦးကုလားဖြူ မိသားစု။ ၁၀၀,၀၀၀/-

၂၂။ ကိုထင်ကျော်-မအေးအေးခိုင်၊
သား-အောင်အောင်ဦး၊ ဟိန်းထက်ဇော်။ ၁၀၀,၀၀၀/-

၂၃။ ကိုဇင်မျိုးနိုင်-မဝင်းမာဦး မိသားစု။ ၁၀၀,၀၀၀/-

၂၄။ ကောင်းဆက်ပွဲရုံ မိသားစု။ ၁၀၀,၀၀၀/-

http://www.dhammadownload.com

၂၅။ ဒေါ်နန်းခွယ်၊ သမီး – မခင်ခင်ဦး၊
ညီမ–မနန်းမိုးသီတာ၊ ကြပ်ပြင်၊ မိုးကုတ်မြို့။ ၁၀၀,၀၀၀/–
၂၆။ ဦးအောင်မြင့်သိန်း၊ ကားဝပ်ရှော့၊
(၄၇၂)သစ္စာလမ်း၊ တောင်ဥက္ကလာပ။ ၁၀၀,၀၀၀/–
၂၇။ ဦးအောင်ကျော်ဆင့်+ဒေါ်နုင်းငွေရည်၊မြကြာငုံစာပေ၊
၅၄၊ အုတ်လမ်း၊ ဗဟန်း၊ ရန်ကုန်။ ၁၀၀,၀၀၀/–
၂၈။ မကမလဉာနီနှင့် မပရမဉာနီ၊ ပဏ္ဍိတာရာမ၊
ရွှေတောင်ကုန်း၊ သာသနာ့ရိပ်သာ။ ၅၀,၀၀၀/–
၂၉။အရှင်သောပါက ဗိုလ်ရုံကျောင်းဆရာတော်
ဝက်လက်မြို့နယ်၊ လှတွေရွာ ၅၀,၀၀၀/–
၃၀။ဦးစောမောင်၊ ဦးဗိုလ်ဝင့်၊ ခင်မမ၊ တင်မိုးခိုင်
ဝက်လက်မြို့နယ်၊ လှတွေရွာ ၅၀,၀၀၀/–
၃၁။ ဦးတင်ဝင်း–ဒေါ်ဝမ်းဝမ်း မိသားစု။ ၃၀,၀၀၀/–
၃၂။ ဦးအောင်သူဆန်း–ဒေါ်ဇွန်ဇွန်ဦ မိသားစု ၃၀,၀၀၀/–
၃၃။ ဦးတင်အောင်၊ ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊
(၅၃)၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့။ ၃၀,၀၀၀/–
၃၄။ဒေါ်ကြူကြူ (ဓမ္မဗျူဟာ၊ ပဲခူးမြို့)
ရွှေရတုမွေးနေ့ ၃၀,၀၀၀/–
၃၅။ ဦးနီပွန်+ဒေါ်ခင်လေးရီ၊ သင်္ဘာမျက်မှန်
မိသားစု၊ ပဲခူးမြို့။ ၃၀,၀၀၀/–
၃၆။ ဝင်းနုနဝင်း+စုသွယ်သွယ်ဝင်း
ဥာဏ်ပေါ်ထွန်း စင်ကာပူ ၃၀,၀၀၀/–
၃၇။ သာသနာမိခင်ကြီး ဒေါ်ကျင်ယုံ၊
မဟာစည်သာသနာ့ရိပ်သာ၊ သဃ်နိုးကျွန်း။ ၁၅,၀၀၀/–
၃၈။ ဒေါ်ညွန့်ညွန့်၊
သား ကိုထွန်းနိုင်၊ မိသားစု။ ၁၀,၀၀၀/–